## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသောပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

**သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ**


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၇၄)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ တနင်္လာနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ တို့တွေ့ဆုံဆွေးနွေး

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ခေတ္တရောက်ရှိနေသော နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် ယမန်နေ့နံနက်ပိုင်းက ပေကျင်းမြို့ရှိ လင်ကွန်းကျောင်းတိုက်သို့သွားရောက်၍ မြတ်ဗုဒ္ဓစွယ်တော်အား ဖူးမြော်ကြည်ညိုပြီး လင်ကွန်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ချမ်းကျန့်အား ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် နေပြည်တော်မှ ပင့်ဆောင်လာသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်ငယ်အား လှူဒါန်းခဲ့သည်။

**စာမျက်နှာ ၆ ကော်လံ ၁ ■**



နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား လက်ခံတွေ့ဆုံစဉ်။

**ဆောင်းပါး**

**ပညာသည်သာ အခရာ ဘဝတစ်သက်တာ**

စာ - ၁၁ သို့

**ပွင့်ဖြူမြို့နယ်၌ နွေစပါးများ စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်လျက်ရှိ**

စာ - ၁၀ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)

# သစ်ပင်ကိုနှစ်စဉ်စိုက် နှစ်ခြိုက်လို့ပျော်စရာ

ကျောင်းသင်ခန်းစာများတွင် ယနေ့တိုင်သင်ကြားလျက်ရှိသော သက်ကြီးအဘိုးအိုတစ်ဦး၏ သစ်ပင်စိုက်ပျိုးမှု အကြောင်းသည် ကျောင်းသား၊ ကျောင်းသူတိုင်းသာမက ပြည်သူများအတုယူသင့်သောစိတ်ထားဖြစ်သည်။ မိမိစိုက်ပျိုးလိုက်သောသစ်ပင်ကြီးထွားရှင်သန်ပြီး အသီးအပွင့်များဝေဆာချိန်တွင် အသက်အရွယ်အရ မိမိ အကျိုးခံစားခွင့်မရှိနိုင်သည်ကိုသိလျက်နှင့် နောက်လူများအတွက်စေတနာပိုကာ သစ်ပင်စိုက်ပျိုးပေးသည်။ အများကောင်းကျိုးအတွက်သယ်ပိုးလိုသော ပရဟိတစိတ်ကိုမွေးမြူကာ မျိုးဆက်သစ်များအတွက်သစ်ပင်များ ရှင်သန်အောင် စိုက်ပျိုးသင့်လှပြီဟူသောအသိကိုရရှိစေသည်။

မိုးဦးရာသီရောက်လာသည်နှင့် နိုင်ငံတစ်ဝန်းတွင်သစ်ပင်မျိုးစုံစိုက်ပျိုးခြင်း ဆောင်ရွက်လာကြသည်။ သစ်ပင်စိုက်ပျိုးခြင်းမှာအမြဲထာဝရရရှိနေမည့်ကုသိုလ်ဖြစ်သည်။ ကောင်းမှုပြုလုပ်သူများအတွက်ကောင်းကျိုးခံစားရမည်မှာအမှန်ပင်ဖြစ်သည်။ သစ်ပင်စိုက်သည့်အတွက် လတ်တလောရရှိလိုက်သည့်အကျိုးသည် စိတ်ချမ်းသာမှုပင်ဖြစ်သည်။ သီးပင်စားပင်စိုက်ပျိုးကြမည်ဆိုလျှင် အဆိုပါသီးပင်စားပင်မှ ဆွတ်ခူးစားသုံးနိုင်မှုကြောင့် မိမိတို့အိမ်အတွက် အပိုငွေကုန်ကြေးကျသက်သာသည်။ ပိုလျှံသဖြင့်ရောင်းချပါကအပိုဝင်ငွေရရှိမည်။ လူတိုင်းသည် ဝင်ငွေနှင့်ထွက်ငွေကိုညီမျှအောင်သုံးစွဲနေကြရသူများဖြစ်သည်။

မိုးရာသီမှာအဖွဲ့အစည်းများအလိုက်သစ်ပင်စိုက်ပျိုးခြင်းမှာ ပျော်စရာလည်းအလွန်ကောင်းသည်။ သစ်ပင်စိုက်သူတို့၏စည်းလုံးညီညာမှု၊ စိုက်ပျိုးထားသောသစ်ပင်များ၏အကွာအဝေးညီညာမှုတို့မှာ လှပသောမြင်ကွင်းများဖြစ်သည်။ **"သစ်ပင်ကိုနှစ်စဉ်စိုက်၊ နှစ်ခြိုက်လို့ပျော်စရာ။ စုပေါင်းကာ ပါဝင်နွှဲ၊ ထူးကဲလှတာ။ သစ်မျိုးကစုံလှစွာ၊ ရတနာတန်းဝင်ကျွန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြော်တွေးဖြစ်ထွန်း"** ဆိုသည့်အတိုင်းပင်ဖြစ်သည်။ အရွယ်ရောက်သည့်သစ်ပင်တစ်ပင်ဖြစ်ထွန်းရန်မှာ နှစ်ကာလရှည်ကြာစွာစောင့်ဆိုင်းရသော်လည်း သစ်ပင်တစ်ပင်ခုတ်လှဲရန်မှာ နာရီပိုင်းမျှသာကြာမြင့်သည်။ သစ်ပင်ကိုခုတ်လှဲမည်ဆိုပါက အဆိုပါသစ်ပင်များနေရာတွင် မည်သို့အစားထိုးစိုက်ပျိုးမည်ဆိုသည်ကို ကြိုတင်စဉ်းစားသင့်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၄ ရက်က ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင်အမှာစကားပြောကြားစဉ် **"ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်းစိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ကျေးရွာ၊ မြို့ပြ ပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက်သင့်တော်သည့်အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက်သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတောအပင်များစိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံလမ်းမကြီးများဘေးဝဲယာ၊ အမြန်လမ်းမကြီးဘေးဝဲယာနှင့်ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များစဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း"** ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

သစ်ပင်စိုက်ပျိုးရာတွင်"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့်ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်မှုမဖြစ်မနေလိုအပ်ပေသည်။ ပျိုးပင်အဖြစ်နှစ်နှစ်တာရှင်သန်ဖြစ်ထွန်းလာသည့်အပင်သည် ဆက်လက်ရှင်သန်ကြီးထွားရန် စနစ်တကျဆောင်ရွက်သွားပါကမဖြစ်နိုင်စရာမရှိပေ။ စိုက်ပျိုးပင်များရှင်သန်အောင်မြင်စေရန်မှာ နေရာဒေသနှင့်ကိုက်ညီမည့်သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျမြေပြုပြင်မှု၊ ရေနှင့်မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ အကွာအဝေးနှင့်စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

တပ်မတော်အနေဖြင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၇ ရက်တွင်ကျင်းပပြုလုပ်ရာ တပ်မတော်တစ်ရပ်လုံး သစ်ပင်စုစုပေါင်း ၁၆၆၁၈၉ ပင် စိုက်ပျိုးခဲ့ကြောင်းသိရသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့်အရိပ်ရလေကာပင်စုစုပေါင်း ၁၉၆၄၂၅ ပင် စိုက်ပျိုးခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲတော်စုစုပေါင်း ၃၉ ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက်တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးလျက်ရှိပေရာ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကိုလက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်ပင်များကိုစနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု

**နေပြည်တော် ဇွန် ၃၀**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉ ပေခန့် (၂၇၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆ ပေခွဲကျော် (၂၀၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇ ပေခွဲကျော်(၂၃၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်နှင့်ကသာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇ ပေခွဲခန့် (၂၂၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇ ပေခွဲခန့် (၂၂၃ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ပြည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်တီးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးငွေဇော်နှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောင်တီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးရန် မှာကြားသည်။

အဆိုပါလမ်းမှာ အရှည် ပေ ၄၆၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၉ လက်မရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉ ဒသမ ၄၀ သန်းဖြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

## Myawady Digital Set Top Box **ထုတ်နတ်ရှုမြင်အစီအစဉ်**

**၁-၇-၂၀၂၄(တနင်္လာနေ့)**

**မြဝတီရုပ်မြင်သံကြား**

- ၁။ ၆း၀၂ နိုင်ငံတော်သီချင်း
- ၂။ ၇း၂၀ ဓမ္မပူဇာတေး
- ၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၄။ ၈း၂၀ ရှေးဟောင်းသုတ
- ၅။ ၈း၂၅ သီချင်းလက်ဆောင်
- ၆။ ၉း၂၅ ကျန်းမာသုတ
- ၇။ ၁၀း၂၅ မေးမြန်းစူးစမ်း
- ၈။ ၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
- ၁၀။ ၁၃း၄၅ စာဆိုစစ်သည်တပ်မတော်ဂုဏ်ရည်
- ၁၁။ ၁၉း၀၀ **(၃၈)ဖြာမင်္ဂလာ**
- ၁၂။ ညစနာရီ သတင်း အပြီး မိုးလေဝသသတင်း
- ၁၃။ Liked
- ၁၄။ မှတ်တမ်း

**MWD Variety Channel**

- ၁။ ၁၀း၂၇ ကွယ်လွန်ထင်ရှားအနုပညာရှင်များ
- ၂။ ၁၁း၃၉ လူငယ်များရဲ့စွမ်းပကားနိုင်ငံတော်ရဲ့အား
- ၃။ ၁၂း၂၈ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
- ၄။ ၁၃း၄၃ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
- ၅။ ၁၄း၄၉ သတိမမူ ဂူမမြင်
- ၆။ ၁၆း၂၇ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ပုသိမ်၊ ရေလမ်းကြောင်းကောင်းမွန်ရေး

# ယခုဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်းကောင်းမွန်ရေး စုစုပေါင်းလုပ်ငန်း ၁၆ ခု ဆောင်ရွက်မည်



ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများမှ ကာကွယ်နိုင်စေရန်နှင့် ရေလမ်းကြောင်းကောင်းမွန်စေရန် ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေဖြင့် လုပ်ငန်းကိုးခုနှင့် တိုင်းဒေသကြီး ခွင့်ပြုငွေဖြင့် လုပ်ငန်းခုနစ်ခု စုစုပေါင်းလုပ်ငန်း ၁၆ ခု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါ်များကာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများလည်း နှစ်စဉ်တွေ့ကြုံနေရသောဒေသဖြစ်သည်။ ထိုသို့ ကမ်းပါးပြိုမှုများကြောင့် ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ ကျေးရွာမြေများနှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်စေရန် ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

"အခုဘဏ္ဍာနှစ်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ၊ ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ရှိပါတယ်။ ပြည်ထောင်စုခွင့်ပြုငွေနဲ့ လုပ်ငန်းကိုးခု၊ တိုင်းဒေသကြီးခွင့်ပြုငွေနဲ့ လုပ်ငန်းခုနစ်ခု ဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးအောင်လင်းကပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများတွင် လေးမျက်နှာမြို့နယ်ရှိ စတုမုခထူပါရုံ စေတီတော် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းလည်း အပါအဝင်ဖြစ်ကြောင်း၊ ငဝန်မြစ်ကမ်းပြိုမှုကြောင့် အဆိုပါ ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီး ကမ်းပြိုသည့် ဒဏ်ခံခဲ့ရသဖြင့် ထိုသို့ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်စေရန် ယင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေယာဉ်များ ခုတ်မောင်းသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်စေရန်နှင့် ရေလမ်းကြောင်းကောင်းမွန်စေရန် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း နှစ်စဉ် ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလတို့သည် ရေများချိန်ကာလများဖြစ်သောကြောင့် ရုတ်တရက်ကမ်းပြိုမှုများဖြစ်ပွားတတ်ကြောင်း၊ ထိုသို့ ရုတ်တရက်ကမ်းပြိုမှုများကို အရေးပေါ်ကာကွယ်ထိန်းသိမ်းနိုင်စေရန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းရန်ပုံငွေကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဆောင်းဦး**

ပုသိမ်၊ စိုက်ပျိုးရေး

# ပုသိမ်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၉၁၄၁၆ ဧက စိုက်ပျိုးမည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၉၁၄၁၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောကြားချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေ့ခရုကျရောက်မှုမရှိစေရန် စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးစိုက်ပျိုးရာသီမှာ စပါး ၉၁၄၁၆ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီဖို့ နည်းပညာပိုင်းကို ပံ့ပိုးပေးမှာပါ။ တောင်သူတွေ ရွှေ့ခရုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ အသိပညာပေးဆိုင်းဘုတ်တွေစိုက်ထူပေးနေတယ်။ ဒါ့ပြင် ကွင်းဆင်းသရုပ်ပြ နှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း လက်တွေ့လုပ်ဆောင်ပေးနေပါတယ်။ တောင်သူတွေဘက်က စိုက်ပျိုးရေးနည်းပညာတွေ တောင်းခံတာရှိလို့ တောင်သူပညာပေး လုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်နေပါတယ်။ ဒီလိုလုပ်ပေးခဲ့တာကြောင့် ရာနှုန်းပြည့် စိုက်ပျိုးနိုင်မှာပါ"ဟု ဦးဝင်းစိုးကပြောသည်။

ပုသိမ်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ပုသိမ်ပေါ်ဆန်းရင်၊ ကျားပျံ၊ ထိုင်းဘေးကြား၊ ဆင်းသုခ၊ မနောသုခ၊ ရက် ၉၀ စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးမည့် မိုးစပါးများသည် တစ်ဧကလျှင် ပျမ်းမျှတင်း ၁၀၀ ကျော်အထိ ထွက်ရှိသော အမျိုးအစားများဖြစ်ကြောင်း သိရသည်။

**သုတကျော်**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၄၇၆ ဧက စိုက်ပျိုးပြီးစီး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၆၂၈၃ ဧကစိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက မေလက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးရာသီမှာ ပဲတီစိမ်းစိုက်ပျိုးရေးကို ဒေသတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ တစ်မြို့နယ်လုံး ၆၂၈၃ ဧက စိုက်ပျိုးဖို့ လျာထားပြီး မေလကစတင်စိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို သီးနှံအထွက်နှုန်းတွေ ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ အခြေခံစိုက်ပျိုးရေးနည်းပညာတွေကို စနစ်တကျ လိုက်နာကျင့်သုံးဆောင်ရွက်ကြဖို့ တောင်သူပညာပေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ ဒီဒေသက စိုက်ပျိုးရေအဆင်ပြေတော့ ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်။ နောက်ပြီး ပဲတီစိမ်းက ဈေးကွက်လည်းရှိတာကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးကြပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့လည်း ဒေသခံတောင်သူတွေကို ပံ့ပိုးကူညီပေးနေပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရန် ဈေးကွက်ရှိသည့် ပဲတီစိမ်းအပါအဝင် ပဲကြီး၊ ပဲစင်းငုံနှင့်တခြားပဲများကို အားထားစိုက်ပျိုးကြကြောင်း၊ ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီကလည်း ပဲတီစိမ်းကို ဧက ၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၅၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ကာတွန်း



ရန်ကုန်၊ စီးပွားရေး

# အကြိမ် (၄၀) မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဖိတ်ကြားထား

အကြိမ် (၄၀) မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဖိတ်ကြားခြင်းခံထားရကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။


အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ကျောက်မျက်ရတနာတင်ပို့မှုမြှင့်တင်ရေးကောင်စီမှကြီးမှူး၍ အကြိမ် (၄၀) မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို ဩဂုတ်လ ၈ ရက်မှ ၁၂ ရက်အထိ မွမ်ဘိုင်းမြို့ရှိ Jio World Convention Centre ၌လည်းကောင်း၊ ဩဂုတ်လ ၉ ရက်မှ ၁၃ ရက်အထိ မွမ်ဘိုင်းမြို့ရှိ Bombay Exhibition Centre ၌လည်းကောင်း နှစ်နေရာခွဲ၍ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲသည် ကမ္ဘာ့ဒုတိယအကြီးဆုံးကျောက်မျက်ရတနာပြပွဲဖြစ်ပြီး ယခုနှစ်ပြပွဲတွင် အဖိုးတန်ကျောက်မျက်ရတနာများအပြင် ကျောက်မျက်ရတနာလုပ်ငန်းများနှင့်ပတ်သက်သော စက်ကိရိယာများကိုလည်း ပြသမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှလည်း အရည်အသွေးကောင်းမွန်သော ကျောက်မျက်ရတနာများထွက်ရှိနေသည့်အတွက် ထိုပြပွဲတွင် ပြခန်းများဖြင့် ပါဝင်ပြသရန် ဖိတ်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် မြန်မာနိုင်ငံမှထွက်ကုန်များကို ပြည်ပမှ ကုန်သည်များက ကြည့်ရှုလေ့လာကာ စိတ်ဝင်စားလာပြီး မြန်မာ့ကျောက်မျက်ရတနာများကို ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်ခြင်း၊ ပြပွဲတွင် ကုန်သွယ်မှုကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ကုန်သည်အချင်းချင်းမိတ်ဆက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၆၂၂ နှင့် ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

## မိုးလေဝသ သတင်း




သရက်၊ အသိပညာပေး

# သရက်မြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပ



မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇွန်လ ၃၀ ရက်တွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် သရက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးရေးဆိုင်ရာ နည်းဗျူဟာလေးရပ်၊ လူကုန်ကူးခံရနိုင်သူများနှင့်ဖြစ်ပွားနိုင်သည့် လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းရင်းများ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များကိုပြောကြားခဲ့ပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်စိမ်းလဲ့ရည်က ဦးစီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးခံရပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ပြောကြားပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများကကြည့်ရှုကြပြီး လူမှုဝန်ထမ်းဦးစီးဌာနမှလူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**ဇော်ထက်(သရက်)**

တန့်ယန်း၊ ကျေးလက်ဖွံ့ဖြိုးရေး

# တန့်ယန်းမြို့နယ် နောင်ဖိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန်လ ၃၀ ရက်တွင် တာဝန်ရှိသူများက ဟိုမန်းကျေးရွာအုပ်စု နောင်ဖိုင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော နောင်ဖိုင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

နောင်ဖိုင်ကျေးရွာ၌ စီမံကိန်းပံ့ပိုးငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကိုအသုံးပြုကာ ဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

ဘားအံ၊ ကျေးလက်ဖွံ့ဖြိုးရေး

# ဘားအံမြို့နယ် ကျောက်ကလပ်စေတီဝင်းအတွင်း ကန်ပတ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘားအံမြို့နယ် ကျောက်ကလပ်စေတီဝင်းအတွင်း ဘုရားဖူးဧည့်သည်များ သွားလာရေးအဆင်ပြေစေရန်ရည်ရွယ်၍ ကန်ပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန်လ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖော်အွာနှင့် မြို့နယ်မှတာဝန်ရှိသူများက တာဝန်ယူဖောက်လုပ်သောကုမ္ပဏီ၊ ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းကွန်ကရစ်လမ်းသည် အရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ယခုဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ် ၁၃၂ ဒသမ ၉၇၅ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက ယခုနှစ် ဇွန်လဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် လုပ်ငန်းအားလုံးပြီးစီးပါက ကျောက်ကလပ်စေတီသို့ ဘုရားဖူးလာရောက်သည့်ဧည့်သည်များ ယခင်ထက် သွားလာရေးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဘိုဘို**

■ **ရှေ့ဖုံးမှအဆက်**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကို ပေကျင်းမြို့ရှိ ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ(သံမှူးကြီး) မစ္စစ်ချောင်ဂျင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးဦးလွင်ဦးနှင့် ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ(သံမှူးကြီး) မစ္စစ်ချောင်ဂျင်တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**




နံနက်စာကို အသားရော၊ အသီးအနှံပါ
စုံလင်စွာစားသောက်သင့်သည်။

တောင်တွင်းကြီး ဇွန် ၃၀

## တောင်တွင်းကြီးမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ကြည့်ရှုစစ်ဆေး

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့ ဝက္ကသေးကျေးရွာ၌ နိုင်ငံတော် လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် ကျေးလက်စာကြည့်တိုက်အဆောက်အအုံပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့တက်ရောက်ပြီး ပန္နက်တော်တင်မင်္ဂလာပြုလုပ်ရန်အတွက် သတ်မှတ်နေရာအသီးသီးတွင် ရတနာပန္နက်တော်ကိုးချက်စိုက်ထူ၍ အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်စက်ယိုချောင်းပြန်လည်တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နေသည့်နေရာသို့ရောက်ရှိကာ လုပ်ငန်းအမြန်ပြီးစီးနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာရှိ ရှင်အုန်းညိုစာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု အခြေအနေများကိုကြည့်ရှုပြီး စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းအတွဲ(၁၊၂၊၃)နှင့် သုတ၊ ရသ စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**

ရန်ကုန် ဇွန် ၃၀

## ရုရှားနိုင်ငံတွင်ကျင်းပသည့် နိုင်ငံတကာယဉ်ကျေးမှုနှင့်အားကစားပွဲ(နဂါးလှေပြိုင်ပွဲ)မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအဖွဲ့ ရွှေတံဆိပ်တစ်ခုထပ်မံဆွတ်ခူး၊ ရွှေတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက်ပထမရရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Barnaul မြို့၌ ၂၀၂၄ ခုနှစ် ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျင်းပလျက်ရှိသည့် နိုင်ငံတကာယဉ်ကျေးမှုနှင့်အားကစားပွဲ (နဂါးလှေပြိုင်ပွဲ) (Altai Regatta Dragon Festival) မီတာ ၅၀၀ အမျိုးသား (၁၀) တက်လှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအဖွဲ့မှ ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ပြီး စုစုပေါင်းရွှေတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက်ပထမရရှိခဲ့ကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှသိရသည်။



ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင်ယှဉ်ပြိုင်သည့် မီတာ ၅၀၀ အမျိုးသား (၁၀) တက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းသည် ရေလမ်းကြောင်းနံပါတ်(၂)မှ စံချိန် ၀၂း၀၁. ၅၅၁ ဖြင့် ပထမနေရာမှ ပန်းဝင်ခဲ့ပြီး ပထမဆု(ရွှေ)တံဆိပ်ရရှိခဲ့ကာ ရေလမ်းကြောင်းနံပါတ်(၄)မှ ယှဉ်ပြိုင်သည့် အင်ဒိုနီးရှားအသင်းက စံချိန် ၀၂း၀၂. ၇၆၂ ဖြင့် ဒုတိယ(ငွေ)တံဆိပ်၊ ရေလမ်းကြောင်းနံပါတ်(၃)မှ ယှဉ်ပြိုင်သည့် ကမ္ဘောဒီးယားအသင်းက စံချိန် ၀၂း၀၆. ၁၆၅ ဖြင့် တတိယ(ကြေး)တံဆိပ်များဆွတ်ခူးရရှိကာ ရေလမ်းကြောင်းနံပါတ်(၅)မှယှဉ်ပြိုင်သည့် ဖိလစ်ပိုင်အသင်းက စံချိန် ၀၂း၀၇. ၁၁၁ ဖြင့် စတုတ္ထ၊ ရေလမ်းကြောင်းနံပါတ် (၁)မှ ယှဉ်ပြိုင်သည့် ဥဇဘက်ကစ္စတန်အသင်းက စံချိန် ၀၂း၁၁. ၆၅၀ ဖြင့် ပဉ္စမ၊ ရေလမ်းကြောင်းနံပါတ်(၆)မှယှဉ်ပြိုင်သည့် အိမ်ရှင်ရုရှားအသင်းက စံချိန် ၀၂း၁၂. ၁၅၀ ဖြင့် ဆဋ္ဌမနေရာတို့မှ အသီးသီးပန်းဝင်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသား(၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲကို ဒေသစံတော်ချိန် နေ့လယ် ၁ နာရီခွဲတွင်ကျင်းပရာ မြန်မာလှေလှော်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပြိုင်ပွဲဆက်တိုက်ဖြစ်ကာ ပွဲပန်းနေခြင်းကြောင့် ယင်းပြိုင်ပွဲတွင် အဆင့်(၆)နေရာဖြင့်သာပန်းဝင်နိုင်ခဲ့ပြီး ဆုတံဆိပ်နှင့်လွဲချော်ခဲ့ရသည်။ ၎င်းမီတာ ၂၀၀၀ ပြိုင်ပွဲတွင် ကမ္ဘောဒီးယားက ပထမ(ရွှေ)၊ အင်ဒိုနီးရှားက ဒုတိယ(ငွေ)၊ ဥဇဘက်ကစ္စတန်က တတိယ(ကြေး)ဆုများရရှိခဲ့ကြသည်။

၎င်းနိုင်ငံတကာယဉ်ကျေးမှုနှင့်အားကစားပွဲ(နဂါးလှေပြိုင်ပွဲ)သို့ မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဥဇဘက်ကစ္စတန်၊ မြန်မာနှင့် အိမ်ရှင်ရုရှားနိုင်ငံတို့မှ အားကစားအသင်းများပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် ယင်းပြိုင်ပွဲသည် Asian Games ပြိုင်ပွဲတွင် ဆုရရှိသော နိုင်ငံများအား ဦးစားပေးဖိတ်ခေါ်ပြိုင်ပွဲဝင်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာယဉ်ကျေးမှုနှင့်အားကစားပွဲ(နဂါးလှေပြိုင်ပွဲ)တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ၁၅ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းသည် အမျိုးသား (၁၀)တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ အမျိုးသား(၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု စုစုပေါင်းရွှေတံဆိပ်နှစ်ခုဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအဆင့်ပထမရရှိခဲ့ကြောင်းသိရသည်။**ဝန်းရံ**

နေပြည်တော် ဇွန် ၃၀

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပါသည်။

**(မိုး/ဇလ)**

## မိုးပိုနေမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**(မိုး/ဇလ)**

နေပြည်တော် ဇွန် ၃၀

# မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ရေကြည်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ကူညီရွှေ့ပြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ရေကြည်ကျေးရွာအတွင်းသို့ ယနေ့နံနက်ပိုင်းတွင် ရေများ ၆ ပေခန့် ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့်နေရာများသို့ ယနေ့တွင် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၅၀ စု၊ လူဦးရေ ၃၈၀ ခန့်အား ရေဘေးကင်းလွတ်ရာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ကူညီရွှေ့ပြောင်းပေးပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ရေကြည်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ကူညီရွှေ့ပြောင်းပေးစဉ်။

---

နေပြည်တော် ဇွန် ၃၀

# ရှမ်းပြည်နယ်ရှိ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့် ဒုတိယဝန်ကြီး ဦးအေးကျော် တွေ့ဆုံ



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၂၈ ရက် ညနေပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ပြည်နယ်/ ခရိုင်/ မြို့နယ်များမှ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် မီတာဖတ်ရှုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး အသိသတိဖြင့် ဆောင်ရွက်ကြရန်၊ ပြည်သူများ၏ ဓာတ်အားသုံးစွဲမှု မှန်ကန်မှုရှိစေရန် မီတာယူနစ်များ လိုဖတ်/ ပိုဖတ်ခြင်းမရှိစေရေး သတ်မှတ်ကာလအတွင်း မီတာများမှန်ကန်စွာဖတ်ရှု၍ စာရင်းရေးသွင်းရန်၊ ဓာတ်အားခများ အပြည့်အဝကောက်ခံရရှိရေးနှင့် ဓာတ်အားခငွေများ အလွဲသုံးစားမှု မဖြစ်ပေါ်စေရေး နေ့စဉ်ကောက်ခံရရှိငွေစာရင်းနှင့် ဓာတ်အားခတောင်းခံလွှာလက်ခံဖြတ်ပိုင်းများဖြင့် တိုက်ဆိုင်စစ်ဆေးရန်နှင့် ရပ်/ပျက်/နှေး မီတာများကို ပုံမှန်ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံး အစားထိုးလဲလှယ်တပ်ဆင်ပေးရန်၊ ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများစည်းလုံးညီညွတ်စွာ နေထိုင်ကြရန်မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် တောင်ကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့၌ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်းရှိပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိသည့်စတိုနှင့် ဝန်ထမ်းအိမ်ရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# မိုးရာသီမှာသတိရှိပါ ဝမ်းပျက်ဝမ်းလျှောရောဂါ

> "ဝမ်းလျှောခြင်းမှာ ကာလတိုဝမ်းလျှောခြင်းနှင့် ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကာလတိုဝမ်းလျှောခြင်းက နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွား၍ စိုးရိမ်ဖွယ်မရှိပေ။ ကာလရှည်ဝမ်းလျှောခြင်းတွင် ဝမ်းသွားသည့်အကြိမ်ရေ များပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲတွင် ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှုခံယူသင့်သည်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်း၊ အစာအဆိပ်သင့်ခြင်းအပြင် သွေးပေါင်ကျပြီး သတိလစ်ခြင်းပါဖြစ်တတ်..."

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်သောရောဂါဖြစ်သော်လည်း အထူးသဖြင့် မိုးရာသီတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ကလေးသူငယ်များအတွက် အသက်အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။ ယင်းရောဂါသည် မြန်မာနိုင်ငံ၌ ဒုတိယအဖြစ်အများဆုံး ကလေးရောဂါတစ်ခုဖြစ်ကြောင်း World Health Organization Myanmar က ဇွန်လ ၁၇ ရက်တွင် သတိပေးထုတ်ပြန်ထားသည်။

မှတ်တမ်းများအရ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တစ်နှစ်လျှင် အသက်ငါးနှစ်အောက်ကလေး ၁၀၀ တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူခြောက်ဦးမှ ၁၂ ဦးအထိရှိကြောင်း သိရသည်။

ဝမ်းလျှောခြင်းမှာ ကာလတိုဝမ်းလျှောခြင်းနှင့် ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကာလတိုဝမ်းလျှောခြင်းက နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွား၍ စိုးရိမ်ဖွယ်မရှိပေ။ ကာလရှည်ဝမ်းလျှောခြင်းတွင် ဝမ်းသွားသည့်အကြိမ်ရေ များပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲတွင် ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှုခံယူသင့်သည်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်း၊ အစာအဆိပ်သင့်ခြင်းအပြင် သွေးပေါင်ကျပြီး သတိလစ်ခြင်းပါဖြစ်တတ်သည်။

### ရောဂါဖြစ်ပွားရသောအကြောင်းရင်း

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်နှင့် လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံတက်လာသည်။ ရေပြန်ကျသွားသောအခါ အညစ်အကြေးများ တင်ကျန်ရစ်ခဲ့ပြီး Vibiro Cholerae (ခေါ်) ကာလဝမ်းရောဂါကိုဖြစ်စေတတ်သော ကူးစက်ရောဂါပိုးမွှားများ ပေါက်ပွားမှုများပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လာရသည်။ ထိုရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းသို့ enterotoxin (ခေါ်) အဆိပ်ဓာတ်တစ်မျိုးထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်နှင့်ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာဆုံးရှုံးစေသဖြင့် အသက်သေဆုံးနိုင်သည်။

ထို့ပြင် ကာလဝမ်းရောဂါပိုးရှိသည့် အညစ်အကြေးများအပေါ် ယင်ကောင်နားပြီးနောက် ထိုယင်ကောင်နားထားသော အစားအသောက်များကို စားသောက်မိခြင်း၊ မသန့်ရှင်းသောလက်ဖြင့် အစားအစာများကို ကိုင်တွယ်စားသောက်ခြင်း၊ ကာလဝမ်းရောဂါပိုးသည် သောက်သုံးရေများအတွင်းသို့ တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ-မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) စသည်တို့မှ တစ်ဆင့် ကူးစက်နိုင်ပြီး ထိုမှတစ်ဆင့် တစ်ဦးမှ တစ်ဦးသို့ ရောဂါဆက်လက်ပျံ့နှံ့ကူးစက်စေနိုင်သည်။

### WHO ထုတ်ပြန်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ဝမ်းပျက်ဝမ်းလျှောရောဂါသည် တစ်နှစ်အောက်ကလေးများကို သေဆုံးစေနိုင်သည့် တတိယမြောက်ရောဂါဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ကလေးဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ၁ ဒသမ ၇ ဘီလီယံနီးပါးရှိသည်။ နှစ်စဉ် အသက်ငါးနှစ်အောက်ကလေး လေးသိန်းကျော်နှင့် အသက်ငါးနှစ်မှကိုးနှစ်ကြားကလေးငယ် ငါးသောင်းကျော် သေဆုံးလျက်ရှိသည်။

### ရောဂါလက္ခဏာများ

နာရီပိုင်းအတွင်း ငါးညှီနံ့နံသော ဆန်ဆေးရည်အရောင်ကဲ့သို့ ဖြူကျဲကျဲဝမ်းအရည်များ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်ရက်တည်းမှာပင် သုံးကြိမ်နှင့်အထက် ဝမ်းအရည်သွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မှိန်း၍ပျော့ခွေခြင်း၊ အရည်ကောင်းစွာမသောက်နိုင်ခြင်း၊ ခံတွင်း၊ လျှာနှင့်နှုတ်ခမ်းများခြောက်၍ရေသောက်ပြီးနောက် ထိုရေအတိုင်းဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်း၊ အရေပြား၏ ကျုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ကြွက်တက်ခြင်း စသည့်ရောဂါလက္ခဏာများခံစားရပါက ဓာတ်ဆားရည်များများသောက်ပြီး နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသသင့်သည်။

ဝမ်းပျက်ဝမ်းလျှောခြင်းကို ထိရောက်စွာ ကုသမှုမခံယူပါက ခန္ဓာကိုယ်တွင်းရေဓာတ်ဆုံးရှုံး၍ သွေးပေါင်ကျကာ သတိလစ်ပြီး နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်သည်။

### ရှောင်ရန်အစားအစာများ

- ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မသန့်ရှင်းသည့်အစားအစာများ၊ မသန့်ရှင်းသည့်သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ လမ်းဘေးအစားအစာများ စသည်တို့ကို ရှောင်ကြဉ်ရမည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်စိုးရိမ်ရသည်။
- ကာလတို ဝမ်းလျှောသည်ဖြစ်စေ၊ ကာလရှည် ဝမ်းလျှောသည်ဖြစ်စေ ဝမ်းသွားခြင်းရပ်တန့်သွားသော်လည်း နောက် ၁၀ ရက်ခန့်ကြာသည်အထိ ချိစ်၊ ဒိန်ခဲ၊ မလိုင်၊ ပူတင်း၊ ကော်ဖီတို့ စားသောက်ခြင်းမှ ရှောင်ကြဉ်သင့်သည်။
- အမျှင်ဓာတ်များသော အစားအစာများက အစာအိမ်နှင့်အူကို အလုပ်ရှုပ်စေနိုင်၍ ဝမ်းလျှောပြီးနောက် သုံးလေးရက်ခန့်ကြာသည်အထိ မစားသင့်ပေ။

### ဆောင်ရန်အစားအစာများ

ဝမ်းလျှောသည့်အကြိမ်ရေများပါက သိသိသာသာ ပိန်ကျသွားပြီး အားအင်ကုန်ခန်းသွား၍ သက်သက်သာသာအနားယူသင့်သည်။ အောက်ဖော်ပြပါအစားအသောက်များက ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် သဘာဝကုထုံးများဖြစ်သည်။

- ရေဓာတ်ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းပေးသည့်အနေဖြင့် ရေကျက်အေးများများသောက်ပါ။
- သန့်စင်သည့်ရေနှင့် ဖျော်စပ်ထားသော ဓာတ်ဆားရည် (ORS) ကိုသောက်ပါ သို့မဟုတ် သီးစုံဓာတ်ဆားရည်သောက်ပါ။
- ဓာတ်ဆားထုပ် အလွယ်တကူမရရှိနိုင်ပါက ဆားနှင့်သကြားကို ဆတူရောသောက်ပါ။
- လက်ဖက်ရည်ကြမ်းထဲကို သကြားအနည်းငယ်ထည့်သောက်ပါ။
- ချင်းပြုတ်ရည်သောက်ပါ။
- အမည်းရောင်ထန်းလျက်ကိုကျိုပြီး အနည်စစ်သောက်ပါ။
- အုန်းစိမ်းရည်သောက်ပါ။
- မည်သည့်အရည်မျိုးကိုမဆို အအေးခံ၍သောက်ပါ။
- ဒိန်ချဉ်စားပါ။ ဒိန်ချဉ်ထဲတွင်ပါရှိသောလက်တစ်အက်စစ်က အစာအိမ်နှင့် အူလမ်းကြောင်းထဲရှိ ဝမ်းသွားစေသော ဗက်တီးရီးယားပိုးများကို သေစေနိုင်သည်။ (ဒိန်ချဉ်ထဲကို သကြား၊ ထန်းလျက်ရည်မရောဘဲ ဖြစ်နိုင်လျှင် သုံ့ချည်းစားပါ)
- အာဟာရအပြည့်မြန်ကာ မပျော့လွန်းမမာလွန်းသော ကစီဓာတ်ကြွယ်ဝသည့် ထမင်း၊ ဆန်ပြုတ်၊ စွပ်ပြုတ်၊ ခေါက်ဆွဲ၊ အာလူး၊ မုန်လာဥနီ၊ ကြက်သား၊ ငါး၊ ဘီစကွတ်စားပေးနိုင်သည်။
- chamomile (ခေါ်) အဝါရောင်ဝတ်ဆံနှင့် ပွင့်ချပ်ဖြူဖြူပွင့်သော တောပန်းလေးများက ဝမ်းပျက်စေသော ပိုးမွှားများအန္တရာယ်မှ ကာကွယ်ပေးနိုင်သဖြင့် ထိုတောပန်းလေးများကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးကြမ်းတွင် ခတ်ကာ အအေးခံသောက်နိုင်သည်။ (ဈေးဝယ်စင်တာများတွင် chamomile tea အထုပ်လေးများကို အလွယ်တကူဝယ်ယူရရှိနိုင်သည်)
- ဘလူးဘယ်ရီသီးထဲတွင်ပါရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အူလမ်းကြောင်းထဲရှိ ဝမ်းပျက်ဝမ်းလျှောပိုးများကို သုတ်သင်ပေးနိုင်သည်။
- လိမ္မော်သီးအခွံက ဝမ်းပျက်ဝမ်းလျှောခြင်းအတွက် ကောင်းကျိုးပြုနိုင်သည်။ လိမ္မော်ခွံကို ပြုတ်၍သော်လည်းကောင်း၊ ရေနွေးဆူဆူတွင် ခတ်၍သော်လည်းကောင်း အအေးခံ၍သောက်သုံးသင့်သည်။
- ပဲနံ့သာပင်အစေ့ကို ရေစိမ်သောက်ပါ။ (ပဲနံ့သာပင်အစေ့များကို အိန္ဒိယရိုးရာ ပရဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်)
- ဆီးသီးလုံးခန့်ပမာဏရှိသော နနွင်းမှုန့်ကို ရေနွေးကြမ်းဖြင့် သုံးရက်ဆက်တိုက်သောက်ပါ။ လုံးဝပျောက်ကင်းနိုင်သည်။
- အသက် ၂၀ နှင့်အထက်ဖြစ်ပါက ငရုတ်ကောင်းအစေ့ ၂၀ ကို နှစ်မိနစ်ခန့်လှော်ပြီးနောက် အမှုန့်ကြိတ်ပါ။ ရလာသောအမှုန့်ကို အရက်ဖြူတစ်ဇွန်းနှင့် ရေအေးတစ်ဇွန်းရောစပ်ပြီးသောက်ပါ။
- သစ်ကြားသီးစားပါ။ ရေသဖန်းပင်အခေါက်ကို ပြုတ်သောက်ပါ။ ပိန္နဲပွင့်သုပ်စားပါ။ ပိန္နဲသီးအနုဟင်းချက်စားပါ။ စမုန်နက်စားပါ။ ကရဝေးသီးစားပါ။ ကြောင်လျှာမြစ်ပြုတ်သောက်ပါ။ သရက်စေ့အဆန်ကိုဝါးစားပါ။ ကြာဖြူ ကြာညိုဝတ်ဆံများစားပေးပါ။
- ပရန္နဝါမြစ်ကို သွေး၍သောက်ပါ။ ဆန်ဆေးရည်သောက်ပါ။ ကရမက်သွေး၍သောက်ပါ။
- မြေအိုးတစ်လုံးထဲ ကန်စွန်းရိုးနီ ၁၀ ပင်ခန့်ကို သင့်သလိုဖြတ်တောက်၍ အမည်းရောင်ထန်းလျက် ၁၅ ကျပ်သားထည့်ကာ ကန်စွန်းပင်ရေမြုပ်သည်အထိရေဖြည့်၍ ကန်စွန်းညွန့်များနူးအိလာအောင် ပြုတ်ပေးပါ။ ထိုပြုတ်ရည်ကို ရေဆာတိုင်းသောက်ပါ။ တစ်ကြိမ်သောက်လျှင် ရေနွေးကြမ်းပန်းကန်လုံးတစ်လုံးခန့် သောက်ပေးရပါမည်။ ဤနည်းအတိုင်း ငါးကြိမ်ခြောက်ကြိမ်ခန့်သောက်ပြီးပါက ဝမ်းရပ်သွားပါလိမ့်မည်။

### ကြိုတင်ကာကွယ်ရန် နည်းလမ်းကောင်းများ

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကြိုတင်ကာကွယ်နိုင်သောရောဂါဖြစ်သည်။ ရောဂါဖြစ်စေတတ်သောပိုးမွှားများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် မိမိတို့၏လက်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ စနစ်တကျလက်ဆေးခြင်းဖြင့် လူအချင်းချင်းကူးစက်မှုများ၊ ဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို သိသာစွာလျှော့ချနိုင်သည်။

ကြိုတင်ကာကွယ်သည့်အနေဖြင့် အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် သန့်စင်ခန်းမှထွက်လာသည့်အချိန်တိုင်းတွင် လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ စင်ကြယ်စွာဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ကလေးငယ်များ၏မစင်ကို ယင်မနားအောင် စနစ်တကျစွန့်ပစ်ပါ။ ယင်လုံအိမ်သာရာနှုန်းပြည့်သုံးစွဲပါ။ရေကိုကျိုချက်၍သော်လည်းကောင်း၊ ကျန်းမာရေးဌာန၏ညွှန်ကြားချက်အတိုင်း ကလိုရင်းဆေးခတ်၍သော်လည်းကောင်း အသုံးပြုပါ။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှ ပူပူနွေးနွေးစားသုံးပါ။ အစားအစာများကို ယင်မနားအောင် စနစ်တကျဖုံးအုပ်ထားပါ။

အချုပ်အားဖြင့်ဆိုသော် မိုးရာသီတွင် အမှည့်လွန်သောသစ်သီးများ လှိုင်လှိုင်ပေါများလေ့ရှိရာ အဆိုပါသစ်သီးမှည့်များကြောင့် ယင်ကောင်များလည်း ပေါများပေါက်ပွားလာကြသည်။ ထိုယင်နားစာများ သို့မဟုတ် မှိုတက်နေသောအစားအစာများကို စားမိခြင်းက ဝမ်းရောဂါကို မလွဲမသွေဖြစ်စေပါသည်။ သို့သော် ဝမ်းပျက်ဝမ်းလျှောခြင်းသည် မိုးရာသီတွင်သာမဟုတ်ဘဲ အချိန်ကာလမရွေး၊ လူကြီးလူငယ်မရွေးဖြစ်ပွားတတ်သောရောဂါဖြစ်၍ အခန့်မသင့်ပါက အစုလိုက်အပြုံလိုက် ကာလဝမ်းရောဂါဖြစ်လာနိုင်သည်ကို သတိပြုကြရန်လိုပါကြောင်း ရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

ကျောက်တလုံးကြီး၊ လူမှုရေး

## ကျောက်တလုံးကြီးမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့၌ သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၉ ရက် နံနက်ပိုင်းတွင် ကျောက်တလုံးကြီးမြို့အဝင်လမ်းဘေး၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူးဦးသက်ခိုင်နှင့် မြို့အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျှော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတုညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကိုချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ချယ်ရီပဟူသည့် ပျိုးပင်ပေါင်း ၂၀၀ ကို ပြည်သူလူထုအင်အား ၆၀ ဦးတို့က တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။ (၄၀၄)

တောင်ကြီး၊ လူမှုရေး

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး Bill Board စိုက်ထူပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး ဗိုလ်ချုပ်ပန်းခြံလမ်းဆုံ၌ ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းလူထုအသိပညာပေး Bill Board စိုက်ထူပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တာဝန်ရှိသူများက လူထုအသိပညာပေး Bill Board အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မှတ်တမ်းဓာတ်ပုံများရိုက်ကူးပြီး တက်ရောက်လာသူများအား သန်းခေါင်စာရင်း လူထုအသိပညာပေး ရှပ်အင်္ကျီများပေးဝေသည်။

နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ ကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များရရှိရေးအတွက် သန်းခေါင်စာရင်းကော်မတီ စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များ အသုံးပြု၍ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ထံမှ သိရသည်။ (၄၀၅)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီ ရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## စိမ်းလန်းငြိမ်းချမ်း ပြည်တစ်ဝန်း

➢ ရွှေမိုးငွေမိုး၊ ရွာသွန်းဖြိုး၍
စိုက်ပျိုးမြိုင်ဆိုင်၊ တူပြိုင်ပြိုင်တည့်
နိုင်ငံအဝန်း၊ လက်ဆင့်ကမ်းလျက်
စိမ်းလန်းစေရာ၊ တို့ပြည်သာအောင်
ညီညာသစ်ပင် စိုက်ကြစို့။

➢ လေချိုဆွတ်ဖျန်း၊ ပြည်တစ်ဝန်းတွင်
လန်းတင့်ဝေဆာ၊ ပင်စုံစွာကို
စိုက်ပါပျိုးပါ၊ စောင့်ရှောက်ပါမှ
နောင်ခါစိမ်းလန်း သာတင့်ဆန်း။

➢ ကြီးမြန်သစ်ပင်၊ ဖြစ်လာလျှင်မူ
ချိုလွင်ဆိုတေး၊ ငှက်ကလေးတို့
သီကြွေးခုန်မြူး၊ အပင်ကူး၍
ကြည်နူးပျော်ရွှင် ကြပေလိမ့်။

➢ အေးရိပ်ဆာယာ၊ ဖြစ်လာပါမူ
သူငါခပင်း၊ အပူကင်း၍
ရင်တွင်းအေးမြ၊ ရှိကြရလိမ့်။

➢ စိမ်းလန်းစိုပြည်၊ တို့မွေးမြေလျှင်
တို့တွေညီညာ၊ စိုက်ပျိုးပါမှ
မြို့ရွာစည်ကား၊ အေးရိပ်များဖြင့်
နေနားအသင့်၊ ကောင်းဂုဏ်ဆင့်လျက်
ရွှန်းတင့်သာယာ နေပေလိမ့်။

➢ တစ်ယောက်တစ်လက်၊ တစ်ခက်သစ်ပင်
ယူငင်စိုက်ပျိုး၊ လှုံ့လနိုးသော်
ကောင်းကျိုးယှက်သန်း၊ ပြည်တစ်ဝန်းလျှင်
စိမ်းလန်းငြိမ်းချမ်း နေမည်တကား။ ။

ချမ်းမြဆောင်း(ကလော)

## ♫♫ သင်္ဂဟ(FM) အသံလွှင့်အစီအစဉ် ♫♫

၁-၇-၂၀၂၄(တနင်္လာနေ့)

၁။ ၀၈း၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၁၀း၄၆ Master Chef
၃။ ၁၃း၃၀ Live For You
၄။ ၁၅း၀၀ Fighting Music
၅။ ၁၇း၀၀ သွေးချင်းတို့ဌာနေ
၆။ ၁၉း၃၀ International Song
၇။ ၂၁း၄၀ အသံလွှင့်ဇာတ်လမ်း
၈။ ၂၂း၂၀ Good Night Listeners

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ နွေစပါးများ စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်လျက်ရှိ



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် ဧကပေါင်း ၂၃၆၆၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါ စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ရိတ်သိမ်းရာတွင် ဇီးတောကျေးရွာအုပ်စု ကွင်းအမှတ် (၇၈၄) ရှိ တောင်သူ ဒေါ်ငယ်အပါအဝင် ဒေသခံတောင်သူပေါင်း ၁၈ ဦး၏ လယ်မြေများ၌ နွေစပါး ဆာဖိုးသာစပါးမျိုးအကွက်ကျယ် စံကွက်စိုက်ဧရိယာ ဧက ၅၀ ရှိ စိုက်ကွင်းအတွင်း ၆ ဒသမ ၆ ပေပတ်လည်ကို လက်ဖြင့်ရိတ်သိမ်းခြင်း၊ သုည ဒသမ ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းများဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအားဖြင့် စပါးအစို ၁၆၀ ဒသမ ၁၆ တင်းနှုန်းထွက်ရှိခဲ့ကြောင်း၊ ထို့ပြင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ယခုနှစ်နွေစပါးများကို စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် စိုက်ပျိုးသည့် နွေစပါး ဆာဖိုးသာ စပါးမျိုးအကွက်ကျယ် စံကွက် ဧက ၅၀ ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းပညာများ ပံ့ပိုးကူညီပြီး စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစံကွက်ရိတ်သိမ်းနေမှုကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

မြောင်းမြ၊ စိုက်ပျိုးရေး

# မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၈၄၆ ဧက နုတ်သိမ်းပြီးစီး



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၈၄၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ ပြောဆိုချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက မြေပဲ ၈၈၄၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မြေပဲခင်းများကို ယခုနှစ်မတ်လ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံးနုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၉ ဒသမ ၇ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေ စိုက်ပျိုးဖို့အတွက် သီးနှံတွေ စတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီရေး အတွက်ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြခရိုင်၌ ဆီထွက်သီးနှံများ အပါအဝင် သီးနှံများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

ရန်ကုန်၊ ကျန်းမာရေး

# တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့်ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ဇွန်လ ၂၉ ရက်က အမှတ်(၁၀)ရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှုများပြားနိုင်သည့်အတွက် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သော ကားတာယာဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံးသွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီ၊ ကျောက်စည်ပိုင်းနှင့် ရေအုတ်ကန်များထဲသို့ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ခင်ဆွေနှင်း(ပြန်/ဆက်)**

ဟိုင်းကြီးကျွန်း၊ စိုက်ပျိုးရေး

# ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးရန်လျာထား

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးရန် လျာထားကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ပြောပြချက်အရ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၇၀၇၆ ဧကကို ဇူလိုင်လအတွင်း စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စပါးစိုက်ပျိုးရေးနည်းပညာများနှင့် စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသည့် ရွှေခရုကာကွယ်ရေးနည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဒီနှစ်မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါး ၄၇၀၇၆ ဧကအထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ စပါးကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားနှိမ်နင်းနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ နွေစပါးနဲ့မိုးစပါးစိုက်ပျိုးရာမှာ မိုးစပါးကို အဓိကထားစိုက်ပျိုးကြပါတယ်"ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများကို တောင်သူများ အခက်အခဲမရှိ အသုံးပြုစိုက်ပျိုးနိုင်ရန် နိုင်ငံတော်စက်ရုံမှထုတ်လုပ်သည့် ပုလဲ ဓာတ်မြေဩဇာများကို ဈေးနှုန်းသင့်တင့်စွာ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သုတကျော်**

# ပညာသည်သာအခရာ ဘဝတစ်သက်တာ

လင်းအရုဏ်ဦး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**❖ လူတစ်ယောက်၏အသက်ရှင်နေထိုင်ရာဘဝတစ်လျှောက်တွင် ဇရာကိုအန်တုၡ်မရပေ။ လူတစ်ယောက်၏အသားအရေသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အိုမင်းရင့်ရော်လာမည်သာဖြစ်သည်။ ထို့အတူဦးခေါင်းထက်မှာဆံနွယ်တို့သည်လည်း မည်းမှောင်ထိန်းသိမ်းဂရုပြုမှုပြုလုပ်ပါစေ အသက်ကြီးလာသည်နှင့်အမျှ မည်းရာမှဖြူလာမည်သာဖြစ်သည်။ အလှအပများပြင်ဆင်ထားရှိစေကာမူ ခေတ္တခဏသည်သာဖြစ်ပေမည်။ ထာဝရလှပနေမည်မဟုတ်ပေ။ သို့သော်လည်း ထိုသူတတ်မြောက်ထားသောပညာသည် ဘယ်တော့မှအိုမင်းသွားမည်မဟုတ်ပေ။ ထာဝစဉ် နုပျိုနေမည်သာဖြစ်သည်။ ဒါပေမဲ့ ၎င်းပညာကိုတော့ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေဖို့တော့လိုသည်။ ဒါ့ကြောင့် ပညာဆိုသည်မှာ ဘဝတစ်သက်တာဟုဆိုလိုခြင်းဖြစ်ပေသည်။**

မျက်မှောက်ကာလ ၂၁ ရာစုခေတ်သည် ပညာခေတ် (Knowledge Age)ဖြစ်သည်။ ခေတ်ကာလအလျောက်ပညာသည်သာ အခရာဖြစ်၍ ပညာနောက်သို့ သဲသဲမဲမဲလိုက်ကြပြီး ရှာမှီးလေ့လာသင်ယူနေကြသည်ကို နိုင်ငံတကာ၌တွေ့ရှိရသည်။ မျက်မှောက်ခေတ် ပညာရှာမှီးရာတွင် ပြောင်းလဲနေသောခေတ်နှင့်အညီ လိုက်ပါနိုင်ရေး၊ အနာဂတ်၏စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရေးတို့အတွက် အသိပညာနှင့်အတတ်ပညာများပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းကြရမည်ဖြစ်သလို နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်ကိုအခြေခံသောပြည်ထောင်စုချစ်စိတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေလိုသောစိတ်များကိန်းအောင်းရှင်သန်စေရေးအတွက်လည်းကျင့်ကြံအားထုတ်ကြရန်လိုအပ်သည်။ သို့မှသာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတို့အချိုးညီကာစစ်မှန်သောဖွံ့ဖြိုးတိုးတက်မှုကိုရရှိမည်ဖြစ်သည်။

မြန်မာအဘိဓာန်တွင် ပညာကို **"ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်၊ အတတ်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပညာရေးဆိုသည်မှာ ပညာနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သော "သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့်တန်ဖိုးများ" ဟူ၍ဖြစ်သည်။ ပညာသင်ကြားခြင်းကို ကျောင်းသင်ခန်းစာများသင်ယူခြင်း(Formal-Learning)၊ ကျောင်းပြင်ပသင်ယူခြင်း (Non-formal Learning)နှင့်အတွေ့အကြုံများမှကိုယ်တိုင်လေ့လာသင်ယူခြင်း (Informal Learning)တို့ဖြင့် ပြုလုပ်နိုင်ပြီး ထိုမှတစ်ဆင့် ဘဝတစ်သက်တာလေ့လာသင်ယူသွားကြရမည်ဖြစ်သည်။

ပညာသည် အလင်းရောင်နှင့်တူပြီး အလင်းရောင်သည် အမှောင်ကိုဖယ်ရှားရှင်းလင်းနိုင်သည်။ ပညာသည်မောဟ (မသိခြင်း)ကို ပယ်ဖျောက်စေသည်။ ထို့ကြောင့် **"ပညာသမာ အာဘာနတ္ထိ"** "ပညာနှင့်တူသော အလင်းရောင်မရှိ" ဟု မြတ်စွာဘုရားဟောကြားခဲ့သည်။ **"ပညာ တန်ဆောင်မီးရှူးရောင်"**ဖြစ်သည်နှင့်အညီ ပညာသည် လောကကောင်းကျိုး၊ လောကအလင်းကိုဆောင်သည်။ ပညာသည်သာ ကိုယ်ပိုင်ဥစ္စာဖြစ်၍ **"ပညာရွှေအိုး လူမခိုး"**နိုင်ပေ။ **"ပညာရဲရင့်ပွဲလယ်တင့်"** သဖြင့် **"ပညာလိုအိုသည်မရှိ"**ဆိုသလို ပညာရှာမှီးဖြည့်ဆည်းကြရန်များစွာလိုအပ်သည်။

မန်လည်ဆရာတော်ကြီး၏ မဟာသုတကာရီမဃဒေဝ လင်္ကာသစ်တွင် **"လက်မှုနှုတ်မှု၊ ခုခုပညာရှိတုံပါက၊ ရောက်ရာရောက်ရာ အရပ်မှာလျှင်၊ မျက်နှာရွှင်လန်း၊ လနှယ်ဆန်း၍၊ ပန်းသို့လည်းပွင့်၊ ပွဲလယ်တင့်လိမ့်"**ဟုရေးသားတင်စားထားသည်။ ပညာသည် လမ်းမှားရောက်နေသူကို လမ်းမှန်သို့ရောက်အောင် ဆောင်ကြဉ်းပို့ဆောင်ပေးနိုင်သည်။ ကြမ်းတမ်းသောဘဝခရီးကို သာယာသောခရီးလမ်းဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်အလင်းကိုပညာဖြင့်သာ ဖော်ထုတ်နိုင်သည်။ ထို့ကြောင့် ပညာသည်သာအခရာ၊ ပညာသည်သာ ရတနာဟု သတ်မှတ်ထားခြင်းဖြစ်သည်။

**"အသက်မွေးမှု၊ တစ်ခုပညာ၊ ကိုယ်စီပါရမည်"**ဟု ရှေးပညာရှိတို့ မိန့်ဆိုထားသည်။ လူသားတိုင်းသည်မိမိတို့ဘဝရှင်သန်ရပ်တည်ရေးအတွက် အသက်မွေးမှုပညာတစ်ခုခုအားတတ်မြောက်ရမည်ဖြစ်ကြောင်းကို လောကနီတိဆရာတို့ကလည်း **"နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ပြားနှင့်"**ဟူ၍ အတိအလင်းသတိပေးထားသည်။ အသက်မွေးမှုပညာရပ်တစ်ခုခုကို အစမှအဆုံးတိုင် တိကျပိုင်ပိုင် ကျွမ်းကျင်တတ်မြောက်မှသာ လူ့လောကအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်သည်။ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ပညာမတတ်သည့်နိုင်ငံသားများပြီး ပညာရေးနိမ့်ကျသည့်နိုင်ငံသည် အမှန်တကယ်ပင်မတိုးတက်နိုင်ပေ။ ပညာရှိက ဘဝလှပြီး ပညာမဲ့ကဘဝအနှစ်သာရပျောက်ဆုံးရသည်သာမက မည်သူ့ကိုမျှ အကျိုးပြုနိုင်မည်မဟုတ်ချေ။

**"ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်"** ဟူသည့် မှတ်သားဖွယ် အဆုံးအမကို ၂၀၂၄ ခုနှစ် မေလ ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများ၊ ဗိုလ်လောင်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် **"မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်ကြောင်း"** ထည့်သွင်းမှာကြားခဲ့သည်။ သာဓကအားဖြင့် ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရခြင်းဖြစ်သည်။ ပညာတတ်နိုင်ငံသားများဆိုသည်မှာ အရည်အချင်းကိုဆိုလိုပြီး အရည်အချင်းရှိသူအရေအတွက်များပါက ထိုနိုင်ငံမှာ တစ်ဟုန်ထိုးတိုးတက်မည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ကြောင့် တတ်သိနားလည်အောင်၊ အရည်အချင်းရှိအောင် အရွယ်မရွေးကြိုးစားဖြည့်ဆည်းရင်း ဘဝတစ်သက်တာပညာရေးကို လေ့လာဆည်းပူးနေရမည်ဖြစ်သည်။

**လူတစ်ယောက်၏ အသက်ရှင်နေထိုင်ရာ ဘဝတစ်လျှောက်တွင်ဇရာကိုအန်တုၡ်မရပေ။ လူတစ်ယောက်၏ အသားအရေသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အိုမင်းရင့်ရော်လာမည်သာဖြစ်သည်။ ထို့အတူဦးခေါင်းထက်မှာ ဆံနွယ်တို့သည်လည်းမည်းမှောင်ထိန်းသိမ်းဂရုပြုမှုပြုလုပ်ပါစေအသက်ကြီးလာသည်နှင့်အမျှ မည်းရာမှဖြူလာမည်သာဖြစ်သည်။ အလှအပများပြင်ဆင်ထားရှိစေကာမူ ခေတ္တခဏသည်သာဖြစ်ပေမည်။ ထာဝရလှပနေမည်မဟုတ်ပေ။ သို့သော်လည်း ထိုသူတတ်မြောက်ထားသောပညာသည် ဘယ်တော့မှ အိုမင်းသွားမည်မဟုတ်ပေ။ ထာဝစဉ် နုပျိုနေမည်သာဖြစ်သည်။ ဒါပေမဲ့ ၎င်းပညာကိုတော့ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေဖို့တော့လိုသည်။ ဒါ့ကြောင့်ပညာဆိုသည်မှာ ဘဝတစ်သက်တာဟုဆိုလိုခြင်းဖြစ်ပေသည်။** ပညာ၏အသုံးဝင်မှု၊ အရေးပါမှုသည် အချိန်အကန့်အသတ်မရှိဘဲ အမြဲတမ်းနုပျိုလတ်ဆတ်နေသည့်အတွက် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာပြည့်ဝသည့်လူသားအရင်းအမြစ်မြောက်မြားစွာလိုအပ်ပြီး ထိုလူသားအရင်းအမြစ်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ ကဏ္ဍစုံမှပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ **စာမျက်နှာ ၁၂ သို့** ❍

○ စာမျက်နှာ ၁၁ မှအဆက်

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ဦးတည်ချက်(၉)ရပ်၏ လူမှုရေးဦးတည်ချက်သုံးရပ်တွင် **“တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** ဟူသော ဦးတည်ချက်တစ်ရပ်ပါဝင်ပြီး ဘက်စုံပညာရေးစနစ် ထွန်းကားရေးအတွက် အထူးပြု အားထုတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းတိုးတက်လာရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့်သာဓကများဖြစ်သည်။


အလားတူစွာ ပညာရေးနှင့်တစ်သားတည်းဖြစ်နေသော စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကိုလည်း အားပြုစီမံအကောင်အထည်ဖော်ဆောင်ရွက်နေပေသည်။

ပညာရေး၏အခြေခံမှာ စာတတ်မြောက်ရေးဖြစ်သည်။ လူ့ဘဝရလာပြီဆိုလျှင် စာမတတ်၍မရပေ။ စာမတတ်လျှင် လူ့အောက်ကျခံရပေမည်။ လူတို့အတွက် ဖြည့်ဆည်းပေးနိုင်သော ပညာတို့သည် စာအဖြစ်ဖြင့် တည်ရှိသည်။ စာတတ်မှ စာဖတ်နိုင်မည်။ လိုအပ်သောပညာရပ်များအတွက် စာပေလေ့လာဖတ်ရှုခြင်းဖြင့် သင်ယူနိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း စာတတ်မြောက်ရေးကို အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများ၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့်သက်ကြီးပိုင်း အရွယ်စာမတတ်သူများအတွက် ရာခိုင်နှုန်းပြည့် သင်ယူမှုအခွင့်အလမ်းဖန်တီးပေးသည့် ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးကို နှစ်စဉ်အကောင်အထည်ဖော်ခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလမှ မေလအတွင်း စာသင်ဝိုင်း ၄၈၆၄ ဝိုင်း၊ ကြီးကြပ်သူနည်းပြဦးရေ ၆၂၆၈ ဦးဖြင့် သင်ယူသူဦးရေ ၆၉၆၅၇ ဦးကို စာတတ်မြောက်အောင်သင်ကြားပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ပုံမှန်သင်ကြားခြင်းများအပြင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာပံ့ပိုးမှုဖြင့် စာသင်သားများ၏လက်ကိုင်ဖုန်းများအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းဆိုင်ရာ-Mobile Application ကို စေတနာလုပ်အားပေးနည်းပြ၊ ကြီးကြပ်များက ထည့်သွင်းသင်ကြားပေးနိုင်ခြင်းဖြင့် စာသင်သားများအနေဖြင့် မည်သည့်ဒေသ၊ မည်သည့်နေရာကို ရောက်ရှိနေသည်ဖြစ်စေ နည်းပညာပိုင်းဆိုင်ရာ အသုံးပြု သင်ကြားနိုင်ခြင်းကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြည်သူအားလုံး စာတတ်မြောက်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြရေးလိုအပ်သည်။

ပညာရေးပြုပြင်ပြောင်းလဲမှုသည် ခေတ်စနစ်တိုင်း၌ရှိကြသည်။ ပိုမိုတိုးတက်ကောင်းမွန်သော ပညာရေးဖြစ်အောင် သူ့ခေတ်နှင့်သူ ပြုပြင်ပြောင်းလဲကြသည်။ ထို့အတူ မြန်မာ့အမျိုးသားပညာရေးကိုလည်း ခေတ်နှင့်အညီပြုပြင်ပြောင်းလဲခဲ့ပြီး ယနေ့ခေတ်မြန်မာ့လူ့ဘောင်ပညာရေးသည် စာပေပညာသင်ကြားခြင်းတစ်ခုတည်းသာမဟုတ်တော့ဘဲ “ဘက်စုံပညာရေး” အသွင်ဖြစ်သည်။ ဘက်စုံပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ တတ်မြောက်မှုသာမက ကိုယ်စီကျွမ်းကျင်မှုဟုဆိုအပ်သော ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကို မြှင့်တင်ပေးသည်။ စဉ်းစားသုံးသပ်တွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ တီထွင်ဖန်တီးမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလိုက်သင့်ဆောင်ရွက်တတ်မှု၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားချက် နားလည်မှု၊ တရားမျှတမှု၊ လောကနီတိဆိုင်ရာ အပြုအမူနှင့်ဦးဆောင်တတ်မှုအစရှိသည့် ဘက်စုံကျယ်ပြန့်သော အရည်အသွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေသည်။ ဗလငါးတန်ဖွံ့ဖြိုးစေသည်။

## အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ




ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းအပ်နှံရေး၊ တန်းစဉ်မပျက်ရေးတို့များစွာ အရေးပါလာသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပညာရေးရည်မှန်းချက်မှာ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရန်နှင့် အခြေခံပညာအလယ်တန်းအဆင့် Grade-9 ပြီးသည်အထိ ပညာသင်ယူနိုင်ရန်ဖြစ်သည်။ ထိုသို့ Grade-9 ပြီးဆုံးသည်အထိ ပညာသင်ယူပြီးသည့်အခါ ပုံမှန်သင်ယူနေကျအထက်တန်းပညာကိုဆက်လက်တက်ရောက်နိုင်သည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင်ဖွင့်လှစ်ထားသောအခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်းတို့တွင် ၎င်းအသက်မွေးဝမ်းကျောင်းဘာသာရပ်များကို စိတ်ကြိုက်ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးဟူသည့် ဘာသာရပ်များသည် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့်အပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စက်မှုစနစ်ဆီသို့ တက်လှမ်းနေသည့်နိုင်ငံဖြစ်သည့်အတွက် ထိုဘာသာရပ်များကို ရေရှည်အသုံးချပါက မိမိအတွက်ရော နိုင်ငံအတွက်ပါ အလွန်အကျိုးစီးပွားဖြစ်ထွန်းမည့်ဘာသာရပ်များဖြစ်သည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျောင်းများကို တက်ရောက်ပြီးနောက် ထူးချွန်မှုအလိုက် ဆက်လက်တက်ရောက်နိုင်မည့် ပညာရေးအဆင့်အတန်း၊ ဘွဲ့၊ ဒီဂရီများကိုလည်း နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ အကယ်၍ ဘွဲ့၊ ဒီဂရီများ ဆက်လက်မတက်ရောက်နိုင်ပါကလည်း ထိုဘာသာရပ်များကို သုံးနှစ်တက်ရောက်ပြီး ၎င်းအသက်မွေးဝမ်းကျောင်းဘာသာရပ်များဖြင့် မိမိဘဝခရီးလမ်းကို မပူမပင်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ပညာရေးမြှင့်တင်မှုတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် စာကြည့်တိုက်များရှင်သန်တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လစဉ်ပွဲတော်များကျင်းပကာ လှုံ့ဆော်စည်းရုံးဆောင်ရွက်လျက်ရှိသည်။ ယနေ့ကာလတွင် စာတတ်သူတိုင်းစာဖတ်ရေးများစွာ လိုအပ်သည်။ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့်တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနား၌ **“စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူသည်”**ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။ စာဖတ်သူသည် အမြင်မှန်၊ အသိမှန်၊ အတွေးမှန်၊ အလုပ်မှန်ပြီး မှန်ကန်သောလမ်းကြောင်း၌သာ လျှောက်လှမ်းလေ့ရှိသည်။ မည်သည့်စာကိုဖတ်ရှုသည်ဖြစ်စေ ထိုစာပေမှရရှိသော အသိတရားကို ကောင်းမကောင်း၊ မှန်မမှန်၊ အသုံးချသင့် မသင့်၊ ဆောင်ရန်ရှောင်ရန်စသည်ဖြင့် မိမိဉာဏ်စွမ်းကိုအခြေခံကာ ပိုင်းခြားစိတ်ဖြာရန် လိုအပ်သည်။

စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်၍ ပေါင်းဖက်လာသူမှန်သမျှ၏ကောင်းကျိုးကို မဖောက်မပြန်ဖြည့်ဆည်းပေးသည်။ စာအုပ်စာပေကို မိတ်ဆွေဖွဲ့ခြင်းဖြင့် ပညာဗဟုသုတတိုးပွားစေသည်။ အတွေးအခေါ်ရင့်သန်စေသည်။ ပညာဗဟုသုတတိုးပွားသဖြင့် စိတ်ကို ပွဲ့ပြင်ဆုံးမလာတတ်သလို အတွေးအခေါ်ရင့်သန်မှုက အမှားအမှန်ဝေဖန်ပိုင်းခြားတတ်လာပြီး နေ့စဉ်ကြုံတွေ့ရသော ပြဿနာများကို အကောင်းဆုံး ဖြေရှင်းတတ်လာသည်။ စာအုပ်ကောင်းသည် မိတ်ဆွေကောင်းဖြစ်သည့်အတွက် မိတ်ဆွေကောင်းများစုစည်းရာ စာပေဘဏ်တိုက်စာကြည့်တိုက်များတွင် ပညာရှာကြရေးလိုအပ်သည်။

နိုင်ငံတော်တွင် အနာဂတ်မြန်မာ့ပညာရေး ပိုမိုကောင်းမွန်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကို ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း ကျင်းပကာ ညီလာခံစာတမ်းများအပေါ် အခြေပြုညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ ညီလာခံနှစ်ရပ်လုံး၏ ဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ **“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို “လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး”ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း”** ထည့်သွင်းမိန့်ကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် ပညာခေတ်တွင် ပညာသည်သာ အရာရာကိုပိုင်းဖြတ်အဆုံးအဖြတ်ပေးလျက်ရှိသည်။ ပညာမဏ္ဍိုင်ကြံ့ခိုင်လျှင် ခေတ်မီတိုးတက်အောင်တည်ဆောက်နိုင်စွမ်းရှိသည်။ ပညာရှာမှီးရာတွင်သတိတမံဉာဏ်မြေကတုတ် လုံ့လထုတ်၍ ပညာပေါက်မြောက်အောင်ကြိုးစားသင်ယူလေ့လာရင်း“ပညာသည်သာအခရာဘဝတစ်သက်တာဖြစ်သည့်အတွက် ပညာတတ်ပေါများသည့်နိုင်ငံအဖြစ် ပြည့်ဝအောင်အကောင်အထည်ဖော်ကြပါစို့”ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မီးထိန်ထိန်လင်းနေသော ကွမ်းခြံကြီးကျေးရွာ

ကျွန်မတို့ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၀၀၀ ကျော်ရှိပြီး လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ ကျေးလက်နေပြည်သူများ၏ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးလိုအပ်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများတွင် ပင်မဓာတ်အားလိုင်းများနှင့် မဆက်သွယ်ပေးနိုင်သောကြောင့် လျှပ်စစ်မီးမပေးနိုင်သည့်ဒေသများရှိနေသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသရှိ ကျေးရွာအများစုမှာ ရေလမ်းခရီးဖြင့်သာ သွားလာနိုင်သည့်အတွက် လျှပ်စစ်မီးမရရှိနိုင်သေးသည့်ကျေးရွာများစွာ ကျန်ရှိနေသည်။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတစ်ဝန်းဝေးလံခေါင်ဖျားဒေသများရှိမဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးရွာများအတွက် မဟာဓာတ်အားလိုင်းပြင်ပစနစ် (တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားပေးစနစ်) ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ မဟာဓာတ်အားလိုင်းပြင်ပစနစ် (NEP(Off-Grid)) (၂၀၁၆-၂၀၂၁)ကို ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်၍ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**မဟာဓာတ်အားလိုင်းပြင်ပစနစ်**

မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဆိုသည်မှာ မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်နှင့်အထက် ဝေးကွာသွားသည့်ကျေးရွာနှင့်မဟာဓာတ်အားလိုင်းမှာ နောင်လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း မီးမရရှိနိုင်သေးသည့်ကျေးရွာများတွင် အကြိုမီးလင်းရေးစနစ် (Pre-Electrification) အနေဖြင့် တစ်အိမ်သုံးဆိုလာစနစ် (Solar Home System)နှင့် အသေးစားဓာတ်အားစနစ်(Solar Mini Grid)များကို ဆိုလာ၊ ရေအား၊ လေအား၊ ဇီဝဒြပ်ငွေ့နှင့် ဇီဝဒြပ်ထုအသုံးပြု၍ မဟာဓာတ်အားလိုင်းမရောက်မီ အစောပိုင်းကာလမီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုသို့မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်ပေးခဲ့သောကျေးရွာများတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်ရှိ ကွမ်းခြံကြီးကျေးရွာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**ကွမ်းခြံကြီးကျေးရွာ**

မြောင်းမြမြို့နယ်တွင် ကျေးရွာအုပ်စု ၉၈ အုပ်စုရှိပြီး ကျေးရွာပေါင်း ၄၉၂ ရွာရှိသည်။ စာရေးသူတို့အဖွဲ့သည် မြောင်းမြမြို့နယ် ပြင်ရွာမှတစ်ဆင့် (Solar Mini Grid) ဆောင်ရွက်ထားသည့် ကွမ်းခြံကြီးကျေးရွာသို့ ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။ မြောင်းမြမြို့နယ်မှ စက်ကုန်း(ဒိုးပတ်)ဆိပ်ကမ်းသို့ကားဖြင့် ၄၅ မိနစ်ခန့်စီးရပြီး စက်ကုန်း(ဒိုးပတ်)ရွာ ဆိပ်ကမ်းမှတစ်ဆင့် ရေလမ်းခရီးဖြင့် ဆက်၍ ခရီးနှင်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် ကွမ်းခြံကြီးကျေးရွာသို့ ရောက်ရှိခဲ့သည်။ ကွမ်းခြံကြီးကျေးရွာသည် အိမ်ခြေ ၄၃၆ အိမ်၊ အိမ်ထောင်စု ၅၆၀၊ လူဦးရေ ၃၀၀၀ ကျော်နေထိုင်သည့် ကျေးရွာဖြစ်ပြီး ထိုကျေးရွာကလေးသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးရေလမ်းခရီးဖြင့်သာ သွားလာနိုင်သည့် ကျေးရွာဖြစ်ပေသည်။ ဆန်စပါး၊ ကွမ်းသီး၊ ရာသီပေါ်သီးနှံအဓိကစိုက်ပျိုးနေသည့်ကျေးရွာဖြစ်ပြီး မြောင်းမြမြို့နယ်အတွင်း ဆိုလာအသေးစားဓာတ်အားပေးစနစ်ဆောင်ရွက်ပြီးစီးခဲ့သည့် ပထမဦးဆုံးသောကျေးရွာဖြစ်သည်။



**ဘဏ္ဍာငွေထည့်ဝင်မှုနှင့်ဓာတ်အားခ**

အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် (Solar Mini Grid)အတွက် ကုန်ကျငွေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ၆၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသူ(Developers)မှ ၂၀ ရာခိုင်နှုန်း၊ ကျန် ၂၀ ရာခိုင်နှုန်းကို ကျေးရွာပြည်သူတို့မှ ပူးပေါင်းထည့်ဝင်ဆောင်ရွက်ခြင်းဖြစ်သည်။

**ငွေကုန်သက်သာ**

ထိုရွာလေး မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Macro Dragon International Co., Ltd. နှင့် ပြည်သူအချိုးကျထည့်ဝင်ပြီး အသေးစားဓာတ်အားပေးစနစ်ကြောင့် မီးလင်းနေပြီး စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း ကွမ်းခြံကြီးကျေးရွာနေပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို စာရေးသူတို့ ကြားသိရသည်။

ကွမ်းခြံကြီးကျေးရွာသူ ဒေါ်စန်းငွေးက **"ကျွန်မက တစ်နှစ်ကို နှစ်သီး(စပါး-စပါး) စိုက်ပျိုးခဲ့တာ အခုနှစ်မှာတော့ ဆိုလာမီးဖြင့် မြစ်ရေတင်ပြီး သုံးသီး(စပါး-စပါး-စပါး) စိုက်ပျိုးနိုင်ခဲ့လို့ မိသားစုဝင်ငွေပိုရရှိပါတယ်။ လယ်တောကအပြန် အိမ်မှာ ရုပ်မြင်သံကြားလည်းကြည့်ရလို့ ဘဝအမောတွေ ပြေရပါတယ်"**ဟု ပြောသည်။

ကျေးရွာသားတစ်ဦးဖြစ်သူ ဦးကျော်စွာနိုင်က **"ဆိုလာမီးမရသေးခင်က အင်ဂျင်မောင်းပြီး ရေခဲထုပ်အချောင်းလေးတွေ ထုတ်လုပ်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာတွေကို ဖြန့်ဝေရောင်းချပေးခဲ့ပါတယ်။ ရေခဲတုံးအကြီးတွေမထုတ်လုပ်နိုင်ခဲ့ပါဘူး။ အခုတော့ ၂၅ ပေါင် ရေခဲတုံးအကြီးတွေထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရွာနဲ့အနီးပတ်ဝန်းကျင်ကျေးရွာတွေက အလှူမင်္ဂလာဆောင်တွေရှိလို့ ရေခဲမုန့်ကျွေးချင်ရင် မြောင်းမြမြို့ကို မှာရပါတယ်။ အခုဆိုရင် ကျွန်တော်တို့ရွာမှာ ဆိုလာမီးရတော့ ရေခဲမုန့်ကို ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး မိသားစုတွေဝင်ငွေတိုးလုပ်ငန်းတွေတိုးချဲ့ဆောင်ရွက်နိုင်ခဲ့လို့ အတိုင်းမသိဝမ်းသာမိပါတယ်"**ဟု ပြောသည်။

ကျေးရွာသားတစ်ဦးဖြစ်သူ ဦးညွန့်ထူးက **"ကျွန်တော်တို့ရွာလေး ဆိုလာနဲ့လျှပ်စစ်မီးရတာမြင်ရတော့ အိပ်မက်ကိုလက်တွေ့ခံစားနေရသလိုပါပဲဗျာ။ လျှပ်စစ်မီးရတော့ ညပိုင်းမှာပါ အလုပ်တွေပိုလုပ်နိုင်လာတယ်။ ကျွန်တော်တို့ ရွာသူ/ရွာသားတွေရဲ့ စီးပွားရေး ပိုအဆင်ပြေလာလို့ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပါတယ်ဗျာ။ အခုဆိုရင် လျှပ်စစ်ထမင်းအိုး၊ ရေခဲသေတ္တာ၊ လေပန်ကာတွေသုံးနိုင်ပြီး အချိန်ကုန်ငွေကုန်သက်သာသွားပါတယ်"**ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစားဓာတ်အားပေးစနစ်ဖြင့် မြို့နယ် ၁၀ မြို့နယ်ရှိ ကျေးရွာ ၅၅ ရွာအတွက် လုပ်ငန်းပေါင်း ၃၃ ခုဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာနှင့် ဒေးဒရဲမြို့နယ် တော်ချိုက်ကျေးရွာတို့တွင် လုပ်ငန်းနှစ်ခု ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းအိမ်ခြေ ၁၃၂၆၄ အိမ်အကျိုးပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း ပြည်သူများ မုဒိတာပွားများနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

**အေးအေးကြူ**
**(ကျေးလက်ဦးစီး)**

---

**တောင်ငူ၊ လူမှုရေး**

## စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ




ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ဒေသအတွင်းငါးသယံဇာတတိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ရန်အတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် စစ်တောင်းတံတားအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်မှုကော်မတီအဖွဲ့၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သနပ်ပင်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်မျိုးဦးတို့ တက်ရောက်ကြပြီး စစ်တောင်းမြစ်ရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၂၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

နေပြည်တော် ဇွန် ၃၀

# ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ပစ္စည်းသိုလှောင်ရေးစတိုနှင့် ဓာတ်အားဖြန့်ဖြူးရေးဌာနများသို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း သွားရောက်ကြည့်ရှုစစ်ဆေး



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ပစ္စည်းသိုလှောင်ရေးစတိုနှင့် ဓာတ်အားဖြန့်ဖြူးရေးဌာန လက်အောက်ရှိ ထရန်စဖော်မာပြုပြင်ရေးဌာနခွဲ၊ မြေအောက်ဓာတ်ကြိုး၊ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲနှင့် လမ်းမီးဌာနခွဲများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပစ္စည်းသိုလှောင်ရေးစတိုသို့ရောက်ရှိရာ စတိုတာဝန်ခံများက ပစ္စည်းများသိုလှောင်၊ ထိန်းသိမ်း၊ ထုတ်ပေး၊ လက်ကျန်အခြေအနေနှင့် စာရင်းဇယားများပြုစုထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လေလံတင်ရမည့်ပစ္စည်းများကို အမြန်ဆုံးဆောင်ရွက်သွားရန်၊ ဘတ်ဂျက်လျာထားရာတွင်လည်း ပိုလျှံပစ္စည်းများကိုဦးစားပေးအသုံးပြုရန်နှင့် စတိုမှပစ္စည်းလက်ကျန်မရှိမှသာ ဝယ်ယူရေးဆောင်ရွက်သွားရန်၊ စတိုအတွင်း ပစ္စည်းများထားသိုမှုကို စနစ်တကျ မှတ်တမ်းရေးသွင်းထားရှိရန်၊ နှစ်ကာလကြာ အထုတ်၊ အသွင်းမရှိသည့် ပစ္စည်းများကိုလည်း အဖွဲ့ဖွဲ့၍ စနစ်တကျစစ်ဆေးဆောင်ရွက်ပြီး ၎င်းတို့မှဆယ်တင်အသုံးပြုနိုင်သောပစ္စည်းနှင့် ဖျက်ဆီးသင့်သည့်ပစ္စည်းများကိုခွဲ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စတိုအတွင်း ထိန်းသိမ်းထားရှိသည့် လုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားဖြန့်ဖြူးရေးဌာနလက်အောက်ရှိ ထရန်စဖော်မာပြုပြင်ရေးဌာနခွဲ၊ မြေအောက်ဓာတ်ကြိုးဌာနခွဲ၊ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲနှင့် လမ်းမီးဌာနခွဲများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ထရန်စဖော်မာများကို ပြုပြင်ပြီးစီးသည်နှင့်သုံးစွဲရန် သင့်၊ မသင့် စစ်ဆေးချက်များကို ဆောင်ရွက်သွားရန်၊ မလိုအပ်သောပစ္စည်းများကို လေလံတင်ရောင်းချသွားရန်နှင့် ဖွဲ့စည်းထားသည့် ဌာနများသည် အရေးပေါ်ပြုပြင်ရန် လိုအပ်ချိန်တွင် အသင့်ထွက်ခွာပြင်ဆင်နိုင်ရေး လူ၊ ပစ္စည်းများကို အမြဲအသင့်ဖြစ်စေရေး စုဖွဲ့ထားရှိရန် လိုအပ်ပါကြောင်း မှာကြားကြောင်းသိရသည်။

(သတင်းစဉ်)



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇွန် ၃၀

# ပေါင်မြို့နယ်၊ မုတ္တမမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မြို့ဝန်ကြီးစေတီ၊ အာရုံခံတန်ဆောင်း အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မြို့ဝန်ကြီးစေတီ၊ အာရုံခံတန်ဆောင်း အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်း၌ ကျင်းပရာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး မြစေတီစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြစေတီစာသင်တိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇွန် ၃၀

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၃၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၃၀

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီကကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ MFF Futsal Stadium တွင် ကျင်းပသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇွန်လ ၃၀ ရက် နံနက် ၈ နာရီတွင် Jullniss FCအသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၉ နာရီခွဲတွင် King Cobra FCအသင်းနှင့် Team Tiger FC အသင်းတို့ကစားခဲ့ရာ King Cobra FCအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် TGL FC အသင်းနှင့် Champin Team အသင်းတို့ကစားခဲ့ရာ Champin Team အသင်းက ၁၀ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁၂ နာရီခွဲတွင် Pyit Tine Htaung အသင်းနှင့် Team Starboyz အသင်းတို့ကစားခဲ့ရာ Pyit Tine Htaung အသင်းက ကိုးဂိုး ခြောက်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Iconic FC အသင်းနှင့် YRG Youth FC အသင်းတို့ကစားခဲ့ရာ YRG Youth FCအသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် Kyal Sin Linn FC အသင်းနှင့် Seven FCအသင်းတို့ကစားခဲ့ရာ Kyal Sin Linn FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင်လ ၁ ရက်**(ယနေ့)**နံနက် ၈ နာရီတွင် FFU Youth အသင်းနှင့် VUC Athletic အသင်း၊ နံနက် ၉ နာရီခွဲတွင် Warm Brother FC အသင်းနှင့် Let Wel Youthအသင်း၊ နံနက် ၁၁ နာရီတွင် Moonhead Yangonအသင်းနှင့် Yankin Brotherhoodအသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Marga FCအသင်းနှင့် Gentel Guys အသင်း၊ မွန်းလွဲ ၂ နာရီတွင် RPG FCအသင်းနှင့် Black Cross Youth အသင်း၊ ညနေ ၃ နာရီတွင် Yankin Youth အသင်းနှင့် Taw Win Nan FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

**နေပြည်တော် ဇွန် ၃၀**

# ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့်မျှတသည့် ဈေးကွက်ဈေးနှုန်းထက်ပိုမို၍ ဈေးနှုန်းမြှင့်တင်ရောင်းဝယ်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေး တည်ငြိမ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချို့လုပ်ငန်းရှင်များသည် စီးပွားရေးကမောက်ကမ ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ပြည်တွင်းဆန်ဈေးကွက် အတွင်း ဆန်ဈေးနှုန်းများ အဆမတန်မြှင့်တင် ရောင်းဝယ်လျက်ရှိသောကြောင့် အများပြည်သူမှာ ဆန် ဝယ်ယူစားသုံးရန်အခက်အခဲများဖြစ်ပေါ်ပြီး ကျပ်တည်း မှုများကြုံတွေ့နေရကြောင်း သတင်းရရှိသည့်အတွက် နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး များ၏ မြို့ကြီးများရှိ ဆန်ဂိုဒေါင် ၁၀၂ လုံး၊ဆန်စက် ၂၅ ခု၊ ဆိုင်ခန်း ၇ ခုတို့မှ ဆန်စပါးလုပ်ငန်းရှင် ၅၈ ဦးအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ် ထုတ်ပြန်သည့် သင့်တင့်မျှတသောဈေးကွက်ဈေးနှုန်း ထက်အမြတ်အစွန်းပိုမိုရယူကာ ရောင်းချမှုရှိ/မရှိအား လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်စစ်ဆေးခဲ့ပါ သည်။

စစ်ဆေးတွေ့ရှိချက်များအရ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတ သောဈေးကွက်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းအထိ အမြတ်အစွန်းပိုမိုရယူကာ ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၇ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင် ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦး၊ သတ်မှတ် ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍ အကျိုးအမြတ်များစွာရယူရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၇ ဦးရှိကြောင်း စိစစ်တွေ့ရှိ ရပါသည်။

သို့ဖြစ်၍ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦးကို ၎င်းတို့ရရှိခဲ့သည့်အကျိုး အမြတ်များအပေါ် ဒဏ်ကြေးနှင့်အခွန်ထပ်မံစည်းကြပ် သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍အကျိုးအမြတ်များ စွာရယူရောင်းချခဲ့သည့် အောက်ပါဆန်စပါးလုပ်ငန်းရှင် ၇ ဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  လင်းကိုကိုနိုင် | Global Myanmar Trading ကုမ္ပဏီ ဒါရိုက်တာ | အမှတ်(၇၈၉)၊ အနော်ရထာလမ်း၊ အနော်ရထာ စက်မှုဇုန်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ကျော်ဇော်လင်း | ရတနာပုံဆန်စက် ပိုင်ရှင် | အမှတ်(၄၂၁၇/၄၂၁၈)၊ ရန်ကုန်-မန္တလေး (လမ်းဟောင်း)၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ | |
| ၃ |  မြင့်ဆွေ | Kanbawza ဆန်ရောင်းဝယ်ရေးလုပ်ငန်း ပိုင်ရှင် | အမှတ်(၈/၆၃)၊ အသောကလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  လင်းထွဋ်နိုင် | သိင်္ဂီဆန်စက်ပွဲရုံ ဒါရိုက်တာ | အခန်းအမှတ် (B/1501)၊ Grand Mya Kan Thar Condo၊ မြကန်သာလမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၅ |  သိန်းဦး | စိန်ငါးပွင့်ဆန်ဆိုင် တာဝန်ခံ | အမှတ်(၂၂)၊ အကွက်(၄၈၆)၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | |
| ၆ |  အောင်တင် | သစ္စာရှင်ဆန်/ဆီ ရောင်းဝယ်ရေး ပိုင်ရှင် | အမှတ်(၅၅)၊ ရာမဝတီအိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၇ |  ဝင်းဇော် | သန့် ဆန်ဆိုင် တာဝန်ခံ | အခန်း(၇)၊ ကျွမ်းကျင်ဆောင်၊ ပြည်သူ့ဆေးရုံကြီး အိမ်ထောင်သည်လိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

အလားတူ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့ကြီးများရှိ ဈေးဝယ်စင်တာ နှင့်စတိုးဆိုင်ကြီးများတွင် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့်ဆန်အိတ်များ(Consumer Package)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလစဉ် ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း ထက် ပိုမိုအမြတ်တင်ရောင်းချလျက်ရှိကြောင်းသိရှိ ရသည့်အတွက် ဈေးဝယ်စင်တာနှင့်စတိုးဆိုင်ကြီး ၅၃ ဆိုင်၏ ဆန်ရောင်းဝယ်မှုအခြေအနေများအား လုံခြုံရေး အဖွဲ့အစည်းများက ဝင်ရောက်စစ်ဆေးခဲ့ပြီး တာဝန် ရှိသူများကို ထိန်းသိမ်းစစ်ဆေးခဲ့ပါသည်။

စစ်ဆေးတွေ့ရှိချက်များအရ အထက်ပါဈေးဝယ် စင်တာနှင့်စတိုးဆိုင်ကြီးများသည် အလေးချိန်အမျိုးမျိုး ဖြင့် အသင့်ထုပ်ပိုးထားသည့်ဆန်အိတ်များ(Consumer Package)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ် ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း ထက် ၂၀ ရာခိုင်နှုန်းအထိ အမြတ်အစွန်းပိုမိုရယူကာ ရောင်းချလျက်ရှိသည့် စတိုးဆိုင် ၁ ဆိုင်၊ ၂၁ ရာခိုင် နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချ လျက်ရှိသည့် ဈေးဝယ်စင်တာနှင့်စတိုးဆိုင် ၃၀ ဆိုင်၊ ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင် ရောင်းချလျက်ရှိသည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်ရှိ ကြောင်း၊ ထို့ပြင်ဈေးဝယ်စင်တာနှင့် စတိုးဆိုင်အချို့မှာ ၎င်းတို့၏ ကုမ္ပဏီဝန်ထမ်းစရိတ်၊ အရောင်းမြှင့်တင်ရေး စရိတ်များကိုပါ အကျိုးအမြတ်ရယူရောင်းချသည့် နှုန်းများတွင် မလိုလားအပ်ဘဲ ထည့်သွင်းတွက်ချက် ရောင်းဝယ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

စစ်ဆေးတွေ့ရှိရသည့်ဆိုင်များအနက် သတ်မှတ် ဈေးနှုန်းထက် ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဈေးဝယ်စင်တာနှင့် စတိုးဆိုင် ၃၀ ဆိုင်ကို ၎င်းတို့ရရှိခဲ့သည့် အကျိုး အမြတ်များအပေါ် ဒဏ်ကြေးနှင့် အခွန်ထပ်မံစည်းကြပ် သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိပိုမို၍အကျိုးအမြတ် များစွာ ရယူရောင်းချခဲ့သည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်မှ အောက်ပါတာဝန်ရှိသူ ၄ ဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  မျိုးသန့် | One Stop Mart ဒါရိုက်တာ | အမှတ်(၄၂၉)၊ သစ္စာဝါရီလမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ဖြိုးမင်းကျော် | City Mart Holding ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် | အမှတ်(၅၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၃ |  မောင်မောင်ဝင်း | Sein Gay Har Trading ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ | အမှတ်(၈၉/ဧ)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင် (အနောက်)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  Mr.Kasamatsu Hiroshi | Aeon Orange ဒါရိုက်တာ | တိုက်(ဒီ)၊ ၁၂ ထပ်၊ တာဝါ(၁)၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

ထိုသို့ ဆန်ဈေးနှုန်းများမြှင့်တင်ရောင်းချမှုများ ကြောင့် အခြေခံပြည်သူများမှာ ဆန်ဈေးနှုန်းမြင့်မား စွာဖြင့် ဝယ်ယူစားသုံးရလျက်ရှိသည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဈေးကွက်တည်ငြိမ်မှုကိုလည်း အနှောင့် အယှက်ဖြစ်စေခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူလူထု၏စားဝတ်နေရေးအကျပ် အတည်းဖြစ်စေရန် ပြည်တွင်းဆန်ဈေးကွက်အတွင်း၌ ဆန်ဈေးနှုန်းများကို သင့်တင့်မျှတသောဈေးနှုန်းများ ထက် ပိုမိုရောင်းချဆောင်ရွက်နေသူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဆက်လက်အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ပြည်သူလူထုအနေဖြင့်လည်း ဆန်ဈေးကွက် အတွင်း ဝယ်ယူစားသုံးရာတွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက်ပိုမို၍ အမြတ်အစွန်းရယူ ရောင်းချနေကြောင်းတွေ့ရှိရပါက သက်ဆိုင်ရာလုံခြုံ ရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင် ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော် ဇွန် ၃၀

## ရမည်းသင်းမြို့နယ်အတွင်း မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကွင်းဆင်းဆောင်ရွက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ မိုးကြိုချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၌ ဒေသခံဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တောင်သူနှင့်လုပ်ငန်းရှင်များနှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေးကောင်းရရှိရေးအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် A Grade , B Grade , C Grade စသဖြင့် ဝါဂွမ်းအရည်အသွေးအလိုက် ရောင်းဝယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဝါဂွမ်းဈေးကွက်ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ဝါလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လိုအပ်ချက်များရှိပါက တင်ပြပေးနိုင်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဝါတစ်ဧကအတွင်း စိုက်ပျိုးရမည့် သတ်မှတ်အပင်အရေအတွက်နှင့် တစ်ပင်ချင်း၏သီးလုံးအရေအတွက်ပေါ်မူတည်၍ ဝါထွက်ရှိမှုပမာဏ၊ အပင်သက်တမ်းအလိုက် စိုက်ပျိုးရေနှင့်ဓာတ်မြေဩဇာ စနစ်တကျထည့်သွင်းခြင်းဖြင့် အထွက်နှုန်းသာမက ဝါဂွမ်းမွေးချည်မျှင်အရည်အသွေးအပေါ် သက်ရောက်မှုမျိုးစေ့အသုံးပြုမှုဆိုင်ရာ ဂရုပြုရမည့်အချက်များကိုလည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် သီးနှံအလိုက် စိုက်ပျိုးရေစီမံခန့်ခွဲမှုဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များက လက်ရှိစိုက်ပျိုးထုတ်လုပ်မှုနှင့် သွင်းအားစုအပြည့်အဝအသုံးပြုနိုင်ရေး၊ ဝါဂွမ်းဈေးကွက်အလားအလာများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သင့်တင့်မျှတသော ဓာတ်မြေဩဇာဈေးနှုန်းဖြင့် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပြီး မိုးကြိုချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကတင်ကျေးရွာအနီး ရွှေဒါးချောင်းပေါ်တွင် ရွှေမြန်မာမင်းများလက်ထက်က တူးဖော်အသုံးပြုခဲ့သည့် ကတင်ကန်ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာအနီး စမုံချောင်းပေါ်တွင် ရွှေမြန်မာမင်းများလက်ထက်က တူးဖော်အသုံးပြုခဲ့သည့် ကျောက်ဆည်ကန်၏ ရေဝင်ရောက်မှု၊ ကန်ပေါင်ကြွံခိုင်မှုနှင့်လယ်မြေဧက ၃၉၀၀ ကျော်ကို အကျိုးပြုနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကန်များရေရှည်တည်တံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရမည်းသင်းခရိုင်၏ ဝါစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန၊ တောင်သူနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၃၀

## နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်လမ်း(ရာဇသင်္ဂဟလမ်းမှ တော်ဝင်ရတနာလမ်းအထိ)မြေနေရာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကုက္ကိုပင်ကို စတင်စိုက်ပျိုးပေးကြပြီး နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက်ရောက်လာသူများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် မန်ကျည်းပင်ကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာ ရွှေဟိန်းဆန်စက်အနီး၌ ကျင်းပသည့် EMဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တောင်သူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာနမှ EMဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြမှုကိုလည်းကောင်း၊ ရွှေဟိန်းဆန်စက်အတွင်း တစ်ရက်လျှင် တန် ၁၀၀ ကျဆန်စက်လည်ပတ်ကြိတ်ခွဲနေမှုကိုလည်းကောင်း ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာတွင် မိုးစပါးအခြောက်မျိုးစေ့ချကိရိယာ(Dry Seeder)ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့တက်ရောက်၍ အမှာစကားပြောကြားကာ ခရမ်းစပ်ကုန်းကျေးရွာအုပ်စုမှ တောင်သူများထံ မျိုးစေ့ချကိရိယာများကို ပေးအပ်ပြီး မိုးစပါးအခြောက်မျိုးစေ့ချကိရိယာ(Dry Seeder)ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ (ဖန်ဟွ)နို့စားနွားမွေးမြူရေးခြံ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး (ဖန်ဟွ)နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားများမွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာရှိ ပန်းသပြေကျေးရွာစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များထားရှိမှုနှင့် လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ပုပ္ပါးကုန်းရပ်ကွက်နှင့် ပြည်စံအောင်ရပ်ကွက်တို့တွင် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဇွန် ၃၀

## ကျောက်တန်းမြို့နယ်ရှိ ဒီရေတောကြိုးပြင်ကာကွယ်တောများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း တိုးချဲ့ဖွဲ့စည်းထားသော ရွှေပြည်အေးချမ်းဘို့ ဒီရေတော ကြိုးပြင်ကာကွယ်တောကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော ဒီရေတောကြိုးပြင်ကာကွယ်တောများ၊ ဆက်လက်တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ထားသော အဆိုပြု ကြိုးပြင်ကာကွယ်တောများနှင့် စိုက်ပျိုးတည်ထောင်လျက်ရှိသော ဒီရေတောစိုက်ခင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ ၁ ဒသမ ၁ သန်းကျော်ရှိပြီး ကမ္ဘာပေါ်တွင် သတ္တမမြောက်၊ အရှေ့တောင်အာရှတွင် တတိယမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်သောနိုင်ငံဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် သဘာဝဒီရေတောများထိန်းသိမ်းရေးနှင့် ဒီရေတောစိုက်ခင်းများတည်ထောင်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ဒီရေတောများသည် ပင်လယ်ပြင်မှဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် ကာကွယ်ပေးနိုင်သည့်အပြင် လယ်ယာမြေများအတွင်း ပင်လယ်ဆားငန်ရေဝင်ရောက်မှုကိုလည်း တားဆီးပေးသည့်အတွက် သီးနှံများပျက်စီးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ်ပေးနိုင်ပါကြောင်း၊ ဒီရေတောများသည် ငါး၊ ပုစွန်နှင့် အခြားသော ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွားရာအရင်းအမြစ်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ ဒီရေတောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ဒီရေတောများ၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ သိရှိရန်နှင့် အတူတကွပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

သစ်တောဦးစီးဌာနအနေဖြင့် ဒီရေတောဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်ပေးနိုင်ရန်၊ ဒီရေတောကို အမှီပြုနေသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အစိမ်းရောင်တံတိုင်း - Green Belt အဖြစ် ဒီရေတောကြိုးပြင်ကာကွယ်တော ခုနစ်ခု၊ ၂၃၈၅၅ ဧက ဖွဲ့စည်းတည်ထောင်ထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၄၄ ခု၊ ၇၁၇၂၃၈ ဧက ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၃၀

## (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး (36th CAP-CSA Joint Meeting) နှင့် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖိုရမ်သို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာနအတွင်းဝန်တို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့(UN Tourism) ၏ ပထမအကြိမ် အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်နှင့် (၃၆)ကြိမ်မြောက်အရှေ့အာရှနှင့် ပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ရှိ Shangri-La Mactan ဟိုတယ်၌ကျင်းပသည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အာရှနှင့်ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့ မြို့တော်ဝန် Mr. Junard Chan၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန် Ms. Christina Garcia Frasco တို့က အဖွင့်အမှာစကားပြောကြားကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်၏ အစီအစဉ်အရ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ အတွင်းဝန်၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံ မြေနှင့် အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ Vice Commissioner နှင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ခရီးစဉ်ဒေသမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းဆွဲဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးနှင့် အကျိုးအမြတ်ရရှိစေရေးဆောင်ရွက်ရာတွင် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ အရေးပါသောမူဝါဒများ မှန်ကန်စွာ ချမှတ်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက FAO Mountain Partnership Project နှင့် စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစားအစာထွက်အမှိုက်များ လျှော့ချခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ ပိုမိုသုံးစွဲခြင်း၊ အာရှနှင့် ပစိဖိတ်ဒေသရှိ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၏ အောင်မြင်မှုများ၊ အစားအသောက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် စီဘူးမြို့၏ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကွက်ထောက်လှမ်းရေး၊ မူဝါဒများနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ဇွန်လ ၂၇ ရက်နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် UN Tourism ၏ အကောင်းဆုံးခရီးသွားကျေးရွာဆုရရှိသည့် ကျေးရွာများသို့ သွားရောက်လေ့လာခဲ့ကြပြီး ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇွန်လ ၂၈ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Sheraton Mactan ဟိုတယ်၌ ကျင်းပ




ခဲ့သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ (၃၆)ကြိမ်မြောက်အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ သမ္မတ Mr. Ferdinand Bongbong Romualdez Marcos Jr. တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ရာတွင် နည်းပညာအသစ်များအပေါ် ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ တိကျပြည့်စုံသည့်မူဝါဒများ ချမှတ်နိုင်ရေးနှင့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

BUSINESS

# Plan underway to conduct training course for creation of mango value-added products



"A training course will be conducted for enthusiasts to make value-added products with the use of mango for the export purpose in Mandalay Region," said secretary U Kyaw Soe Naing of Myanmar Mango Market and Technological Development Association (Mandalay Branch).

Mango from farms of Myanmar can be exported as the one-third of them. Hence, farmers need to produce value-added products with the use of mango to be sent to the market. The training course will be conducted by the association in cooperation with the Agriculture Department.

"We have plans to conduct the training course on making quality value-added mango products. We will admit 30 trainees. The course will last for three days. Trainees must pay trainee fee. The products of trainees will be given back to them. They will be served meals. They have to join the theoretical works at the MRCCI Office and practical works at Htonbo Post-Harvest Training School. Farmers need to process their mangoes from their farms not to lose them. As these are value-added ones, the products can be preserved for many days. So, the training will give new techniques and knowledge to them," he added.

At the training, trainers will share their experiences with trainees how to preserve mango and mango products, and how to produce the mango value-added products with the modern packaging system. The value-added products will benefit trainees and mango farms farmers and owners.

**SK**

FORESTRY

# Mon State to plant over 20,000 trees during the 2024-2025 FY



According to the Department of Forestry in Mon State, arrangements are underway to plant over 10,000 shady windbreaks along the coastal areas during the 2024-2025 financial year to mitigate strong winds.

A total of 20,330 trees are slated for planting in Mon State's coastal regions to counteract strong winds and potential flooding. This includes 1,130 coconut palms, 5,250 mangrove trees, and 10,100 other shade-providing trees. Additionally, 1,800 red mangrove trees will be planted. This initiative is crucial as rivers such as the Thanlwin, Sittaung, Jai, Athtaram, Belin, and Yay are prone to high tides during the monsoon season, increasing flood risks.

It is also planned to plant a minimum of two acres of forest trees in every village of Mon State to lower temperatures and enhance the local climate. Furthermore, 12 acres of firewood plantations will be established in villages to protect other tree species from depletion.

Thirteen tree-planting festivals are scheduled during the 2024 rainy season to encourage public participation in tree planting. A variety of 18 tree species and a total of 300,000 seedlings will be distributed to the public. Additionally, 8,840 trees will be planted as part of a community tree-planting campaign.

**SMK**

TRANSPORTATION

# 93 cargo ships transport goods from Mandalay to Yangon and Bhamo in May

"A total of 93 cargo ships transported goods such as corn, sugar, cement, and various goods from Mandalay Port to Yangon and Bhamo cities in May," said Daw Tin Tin Tun, deputy staff officer of the Department of Transportation, Mandalay Region.

"There is a large amount of goods to be transported from Mandalay Port. Due to the increase in goods, the number of cargo ships has also increased. The river water level is high so it is convenient for ships to travel at this time," he continued.

The cargos sent from the Mandalay Port to Yangon, Bhamo and other cities in May included 2,593.63 tons of cement, 58,049.6 tons of millet, 450 tons of lime, and 9,957.606 tons of molasses, 4,688.35 tons of sugar, and 670 bags of rice.

Although there is currently high water in Mandalay Port, it is required not load more than the specified tonnage of goods on the vessels.

**SK**

AGRICULTURE

# Mawlaik Township farmers harvest 1,689 acres of summer paddy

A total of 1,689 acres of summer paddy planted this year, has been harvested in Mawlaik Township, Mawlaik District, Sagaing Region, according to the Department of Agriculture for Mawlaik District.

During the 2023-2024 summer crop planting season, the harvest of summer paddy fields planted in Mawlaik Township has been started since May this year, and until now, 1,689 acres have been harvested, producing 88.32 baskets per acre.

"We provide agricultural technology, provide education on prevention of pest infestation, provide education on prevention of damage to crops and the timely arrival of harvested rice under shelter to farmers," said Daw Kywe Kywe Hlaing, head of Department of Agriculture for Mawlaik District.

During the 2023-2024 summer crop planting season, 2,300 acres of summer paddy were earmarked to be planted in Mawlaik Township from January to April this year and 1,689 acres were planted.

The Department of Agriculture for the township has provided education on cultivating good and pure seeds, techniques for using natural fertilizers, timely planting of rain crops, and technical support for planting commercial varieties.

**SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

ELECTRICITY

# Paunglaung Dam project to add 8M units of electricity underway

According to the Ministry of Agriculture, Livestock, and Irrigation, a project is underway to install a hydraulic elevator dam (HED) at the Paunglaung Dam, aimed at increasing its hydroelectric generating capacity to 919 million units.

According to a proposal by the Ministry of Electric Power's Department of Hydropower Implementation, a hydraulic elevator dam (HED) measuring 140.5 metres in length and 1.5 metres in height has been installed in the spillway of the Paunglaung Dam. The dam currently produces 911 million units of hydroelectric power annually, and the installation aims to increase annual production by eight million units. This will be achieved by raising the water storage capacity from the original 0.549 million acre-feet to 0.570 million acre-feet, allowing for the additional storage of approximately 21,000 acre-feet of water.

Arrangements are underway to enable the Nay Pyi Taw Head Office to monitor the construction of the hydraulic elevator dam (HED) at the spillway of the Paunglaung Dam, Zeyathiri Township. This oversight aims to ensure that the project is completed within the specified timeframe and includes assigning rotating duties at the dam.

The ministry is implementing the project with the aim of completing it in the 2024-2025 financial year.

**SK**

INDUSTRY

# 130 industries registered to produce legal products in Mandalay Region this financial year

"A total of 130 industries have been allowed for registration to officially produce products in order to develop SME businesses in Mandalay Region this financial year," said U Win Bo, Director of Mandalay Region SME Department.

It was earmarked to allow 450 businesses depending on varieties of goods on a manageable scale.

This financial year, 63 businesses were allowed to produce foodstuffs, 14 to clothing, 11 to personal goods, two to agricultural produce, one to minerals and 39 to general small scale industries, totalling 130.

"This financial year, registration will be issued to 450 industries. So far, 130 registration cards have been certified. We allow registration to business-persons to operate manageable scale businesses," he explained.

The SME industries will produce foodstuffs, clothing, accommodation, personal goods, household goods, printing and press industries, raw materials, mineral processing, agricultural machinery, electronics, machinery, transport vehicles, general SME businesses and others. **SK**

AGRICULTURE

# KhinU Township farmers cultivate 9,365 acres of rain-fed peanuts

A total of 9,365 acres of peanuts have been planted in KhinU Township, Shwebo District in this year rain crop planting season, according to statistics from Department of Agriculture for KhinU Township.

During the 2024-2025 rain crop planting season, 46,826 acres of peanuts have been earmarked to be planted in KhinU Township, and 9,365 acres have been planted since May this year.

"To date, more than 9,000 acres have been planted. We are working to ensure that the designated acres can be cultivated. We are improving the peanut cultivation year by year and developing it successfully," said U Nay Win Naing, head of Department of Agriculture for KhinU Township.

One acre of peanut is planted with one and a half of peanut seeds, and the cost of peanut seeds, labour, fertilizer, and pesticides is over Ks-200,000. The yield is more than 50 baskets per acre.

Staff from the Department of Agriculture are carrying out field inspections and scouting records in order to prevent the spread of pests and weeds.

**SK**

CHINA

# China launches Zhongxing-3A satellite

China on Saturday successfully sent a new satellite into space from the Wenchang Space Launch Site on the coast of southern island province of Hainan.

The satellite, Zhongxing-3A, was launched at 7:57 p.m. (Beijing Time) by a modified version of the Long March-7 carrier rocket and entered the planned orbit successfully.

Designed as a communication and broadcasting satellite, the satellite will provide voice, data, radio and television transmission services.

This marks the 526th mission for the Long March series carrier rockets.

**Xinhua**

A modified version of the Long March-7 carrier rocket carrying the Zhongxing-3A satellite blasts off from the Wenchang Space Launch Site on the coast of southern island province of Hainan, June 29, 2024.



SAUDI ARABIA

# Saudi Arabia calls on its citizens to immediately leave Lebanon

Saudi Arabia has called on its citizens to immediately leave Lebanon amid security risks associated with possible war between Lebanese Shia movement Hezbollah and Israel, the Saudi Embassy in Lebanon said.

"The Embassy of the Kingdom of Saudi Arabia in the Lebanese Republic is following with concern the current events in southern Lebanon, once again calls on all Saudi citizens to comply with the decision to ban travel to Lebanon and calls on citizens there to immediately leave Lebanese territory," the embassy said on Saturday.

On June 18, the Israel Defence Forces (IDF) announced that it had approved operational plans for an offensive in Lebanon. Israeli Foreign Minister Israel Katz later said that Israel was "very close" to a decision to "change the rules" against Hezbollah and Lebanon, threatening to destroy the movement "in an all-out war" and to "severely hit" Lebanon. Hezbollah Secretary General Hassan Nasrallah said that the movement could invade northern Israel if the confrontation intensifies further.

The situation on the Israeli-Lebanese border worsened after the start of Israel's military operations in the Gaza Strip in October 2023. The IDF and Lebanese Hezbollah fighters fire at each other's positions in areas along the border on a daily basis. The Lebanese Foreign Ministry said that around 100,000 people had to leave their homes in border areas, while the Israeli Foreign Ministry said that 80,000 Israelis had to do the same.

**Sputnik**

PAKISTAN

# Six killed, 25 injured in rain-related incidents in Pakistan's Balochistan



6 killed, 25 injured in rain-related incidents in Pakistan's Balochistan.

At least six people were killed and 25 others injured in rain-related incidents over the past five days in Pakistan's southwest Balochistan Province, officials from the Provincial Disaster Management Authority (PDMA) of Balochistan said on Sunday.

The recent spell of heavy rains triggered landslides, blocking major highways and stranding numerous vehicles in various districts of the province, said the PDMA officials, adding that traffic flow towards several districts has been completely stopped.

Special teams have been dispatched for rescue and relief operations regarding the stranded travelers, said the PDMA.

According to the National Disaster Management Authority of Pakistan, more rains are expected in coming days in the country, advising citizens to take precautions.

Earlier, the country's Punjab Disaster Management Authority warned of urban flooding due to heavy monsoon rains in parts of the province in July, with 35 percent more downpours expected this year.

**Xinhua**

SRI LANKA

# Five Sri Lankan fishermen die after consuming contents found in bottle floating in sea

Five Sri Lankan fishermen who had consumed the contents in a bottle floating in the sea on Saturday had died by Sunday afternoon, Navy Spokesman Captain Gayan Wickramasuriya said.

The navy spokesman said the victims are a part of a six-man crew that sailed from the Tangalle Fisheries Harbor.

They have found the bottle around 320 nautical miles off the coast and had consumed its contents believed to be alcohol, he said.

Wickramasuriya said one survivor is in critical condition and currently receiving emergency treatment.

**Xinhua**

RUSSIA

# Russian air defence shoots down 36 Ukrainian drones over Russia's territory

The Russian air defence destroyed 36 Ukrainian drones over the Kursk, Lipetsk, Voronezh, Bryansk, Oryol and Belgorod Regions over the past night, the Russian Defence Ministry said on Sunday.

"During the past night, an attempt by the Kiev regime to carry out a terrorist attack using fixed-wing unmanned aerial vehicles against targets on the territory of the Russian Federation was prevented. Air defence destroyed 15 drones over the Kursk Region, nine drones over the Lipetsk Region, four drones both over the Voronezh and Bryansk Regions, and two drones both over the Oryol and Belgorod Regions," the ministry said in a statement.

Commenting on deliberate drone attacks on civilian infrastructure, Russian Foreign Ministry spokeswoman Maria Zakharova stressed that war crimes became a trademark of Zelensky regime, while other Russian officials underscored that such attempts are acts of pure terrorism.

**Sputnik**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammer in Use (Intermediate Level)

## Unit 6 Past continuous (I was doing)

### Exercises

**6.4 Put the verb into the correct form, past continuous or past simple.**

1 Jenny was waiting (wait) for me when I arrived (arrive).
2 'What ................ (you / do) at this time yesterday?' 'I was asleep.'
3 '................ (you / go) out last night?' 'No, I was too tired.'
4 How fast ................ (you / drive) when the accident ................(happen)?
5 Sam ................(take) a picture of me while I ................ (not / look).
6 We were in a very diff icult position. We ................(not / know) what to do, so we ................(do) nothing.
7 I haven't seen Alan for ages. When I last................ (see) him, he ............. (try) to find a job.
8 I ......... (walk) along the street when suddenly I.........(hear)something behind me. Somebody............... (follow) me. I was scared and I................ (start) to run.
9 When I was young, I.................. (want) to be a pilot. Later I..................... (change) my mind.
10 Last night I .............(drop) a plate when I ............ (do) the washing up. Fortunately it .............(not / break).

→ **Additional exercise 1 (page 302)**

## Unit 7 Present perfect 1 (I have done)

**A** **Study this example situation:**




Tom can't find his key.
He**'s lost** his key. (= He **has lost** ...)
he **has lost** his key =
he lost it and he doesn't have it now
**have lost** / **has lost** is the present perfect simple:

| | |
|---|---|
| I/we/they/you **have** (= **I've** etc.) | **finished** **lost** **done** **been** etc. |
| he/she/it **has** (= he**'s** etc.) | |

The present perfect simple is **have/has** + past participle. The past participle often ends in -**ed** (finish**ed**/decid**ed** etc.), but many verbs are irregular (lost/done/written etc.).
For a list of irregular verbs, see Appendix 1.

**B** When we say 'something **has happened**', this is usually new information:

- Ow! **I've cut** my finger.
- The road is closed. There**'s been** an accident. (= There **has been** ...)
- Police **have arrested** two men in connection with the robbery.

When we use the present perfect, there is a connection with now. The action in the past has a result now:

- Tom **has lost** his key. (= he doesn't have it now)
- He told me his name, but **I've forgotten** it. (= I can't remember it now)
- Sally is still here. She **hasn't gone** out. (= she is here now)
- I can't find my bag. **Have** you **seen** it? (= do you know where it is now?)

Compare **gone (to)** and **been (to)**:

- James is on holiday. He **has gone to** Italy. (= he is there now or on his way there)
- Amy is back home now. She **has been** to Italy. (= she has now come back)

**C** You can use the present perfect with **just, already** and **yet**.

**Just** = a short time ago:

- Are you hungry?' 'No, **I've just had** lunch.'
- Hello. **Have** you **just arrived?**

**Already** = sooner than expected:

- "Don't forget to pay the bill.' '**I've already paid** it.'
- 'What time is Mark leaving?' 'He**'s already left**.'

**Yet** = until now. We use **yet** to show that we are expecting something to happen.

We use **yet** in questions and negative sentences:

- **Has** it **stopped** raining **yet?**
- I've written the email, but I **haven't sent** it **yet**.

**D** You can also use the past simple (**did, went, had** etc.) in the examples on this page. So you can say:

- Ben isn't here. He**'s gone** out. or He **went** out.
- 'Are you hungry?' 'No, **I've** just **had** lunch.' or 'No, I just **had** lunch.'

Present perfect → **Units 8, 11 been to** → **Units 8A, 126A** Present perfect continuous → **Units 9–10**
Present perfect and past → **Units 12–14 yet** and **already** → Unit **111** American English → **Appendix 7**

### Exercises

**7.1 Read the situations and complete the sentences using the present perfect. Choose from these verbs:**

**break disappear go up grow improve lose shrink stop**

1 Tom is looking for his key. He can't find it. Tom has lost his key.
2 Maria's English wasn't very good. Now it is better. Her English............
3 My bag was here, but it isn't here any more. My bag................................
4 Lisa can't walk and her leg is in plaster. Lisa ..............................................
5 Last week the bus fare was £1.80. Now it is £2. The bus fare.....................
6 Dan didn't have a beard before. Now he has a beard. Dan .......................
7 It was raining ten minutes ago. It isn't raining now. It ..............................
8 I washed my sweater, and now it's too small for me. My sweater ...........

**7.2 Put in been or gone.**

1 My parents are on holiday. They've gone to Italy.
2 Hello! I've just ......... to the shops. I've bought lots of things.
3 Tom has just .......... out. He'll be back in about an hour.
4 Alice isn't here at the moment. I don't know where she's ...........
5 You're very late. Where have you ........... ?

**Raymond Murphy**



ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းဆွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်တစ်ပါးအပါအဝင် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအား တွေ့မြင်ရစဉ်။

ကျောဖုံးမှအဆက်

FAMOUS ခရီးသည်တင်ယာဉ် ၃ စီး၊ ရွှေမန္တလာခရီးသည်တင်ယာဉ်နှင့် ရွှေသလ္လာခရီးသည်တင်ယာဉ်၊ စုစုပေါင်းခရီးသည်တင်ယာဉ် ၈ စီးတို့သည် ရန်ကုန်မြို့မှထွက်ခွာခဲ့ကြပြီး ယနေ့နံနက် ၈ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီးဖြတ်ကျော်စဉ် ကျေးရွာ၏ အရှေ့ဘက်ထိပ်အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ခရီးသွားပြည်သူအမျိုးသမီးတစ်ဦးသေဆုံးခဲ့ရပြီး သံဃာတော်တစ်ပါးနှင့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ မုံရွာမြို့နှင့်ချောင်းဦးမြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးကိစ္စရပ်များနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အမြန်ဆုံးသွားရောက်ခဲ့ရာ ငါးယုန်ကျေးရွာ၏အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ မန္တလေး-မုံရွာလမ်းမကြီးပေါ်၌ အသင့်စောင့်ဆိုင်းနေရာယူထားသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။



သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းမျိုးစုံအားတွေ့မြင်ရစဉ်။

ခရီးသည်တင်ယာဉ်များ ပစ်ခတ်တိုက်ခိုက်ခံရသည့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးသွားရောက်၍ လိုအပ်သည်များဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုမရှိသေးသည့် လက်လုပ်မိုင်းမျိုးစုံ ၃၀ လုံးအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခရီးသွားပြည်သူများအား မုံရွာမြို့၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

ဆေးရုံသို့ရောက်ရှိလာသည့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ခရီးသွားပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး လိုအပ်သည့်ဆေးကုသမှုများဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာခရီးသွားလာလျက်ရှိသည့် အများပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကျေသည်အထိ စက်ဆုပ်ရွံရှာဖွယ် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် CRPH၊ NUG တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ဆုတ်ခွာသွားသော အကြမ်းဖက်သမားများနောက်သို့ လိုက်လံချေမှုန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသွားပြည်သူများဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**



ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်ခံရသည့် ခရီးသည်တင်ယာဉ်များအားတွေ့မြင်ရစဉ်။

---

မုဒုံ ဇွန် ၃၀

## မုဒုံမြို့၌ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ဝဲကလိကျေးရွာနှင့် ကတုံးပေါ်ကျေးရွာတို့၌ ဆောင်ရွက်မည့် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို ဇွန်လတတိယပတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဝဲကလိကျေးရွာတွင် ဆိုလာရေတင်စနစ်ဆောင်ရွက်ရန် အခြေအနေများ၊ ကတုံးပေါ်ကျေးရွာတွင် အိမ်သွယ်ရေတိုင်စနစ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအိမ်သွယ်ရေတိုင်စနစ်လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၃၀ ခန့် ရာသီမရွေးရေရရှိမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

မော်စကို၊ စစ်ရေး

# ဆီဗက်စတိုပိုမြို့ကို ယူကရိန်းဘက်က အကြမ်းဖက်တိုက်ခိုက်



ယူကရိန်းက ဇွန်လ ၂၃ ရက်တွင် ရုရှားနိုင်ငံ ဆီဗက်စတိုပိုမြို့ပေါ်သို့ ဒုံးကျည်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်ကြောင်းသိရသည်။

အဆိုပါတိုက်ခိုက်မှုတွင် ယူကရိန်းဘက်က အမေရိကန်ကထောက်ပံ့ပေးထားသော နည်းဗျူဟာမြောက် ATACMS ဒုံးကျည်များကို ပဒေသာခဲယမ်းပါထိပ်ဖူးများ တပ်ဆင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်း၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဆီဗက်စတိုပိုမြို့တွင် ငြိမ်းချမ်းစွာနေထိုင်နေသော ကလေးငယ်သုံးဦးအပါအဝင် ပြည်သူငါးဦးသေဆုံးကာ ဒဏ်ရာရရှိသူ ၁၅၀ အထိရှိသည်။

ယူကရိန်းဘက်ကပစ်ခတ်လိုက်သော ဒုံးကျည်ငါးစင်းအနက် လေးစင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ် ပစ်ချလိုက်နိုင်သော်လည်း တစ်စင်းမှာ မြို့ပေါ်တွင်ပေါက်ကွဲသွားခြင်းဖြစ်သည်။

ရုရှားနှင့်ဖြစ်ပွားနေသောပဋိပက္ခတွင် ယူကရိန်းဘက်က မည်သည့်အောင်မြင်မှုကြီးကြီးမားမားမျှမရရှိသည့်အတွက် ရုရှားနိုင်ငံအတွင်း ငြိမ်းချမ်းစွာနေထိုင်နေသော ပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သည်။

ယူကရိန်းအနေဖြင့် အမေရိကန်နိုင်ငံရှိ တာဝန်ရှိသူများထံမှ ခွင့်ပြုချက်ရရှိခြင်းကြောင့်သာ ယခုကဲ့သို့ပြည်သူများကိုပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်ရဲခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် ၎င်းတို့ထံသို့ ထောက်ပံ့ပေးထားသော လက်နက်များဖြင့် ရုရှားပိုင်နက်နယ်မြေအတွင်းသို့တိုက်ခိုက်နိုင်ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ခွင့်ပြုထားသည်။

ထို့ပြင် အမေရိကန်စစ်ဘက်ကျွမ်းကျင်ပညာရှင်များက ပစ်ခတ်မှုစီမံချက်များ ချမှတ်ခြင်း၊ ဂြိုဟ်တုကင်းထောက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရုရှားနယ်မြေအတွင်းရှိပစ်မှတ်များ၏မြေပုံညွှန်းများကို ယူကရိန်းတပ်မတော်သို့ ပေးခြင်းတို့ကိုသာမက ဒုံးကျည်များ၏ပျံသန်းမှုလမ်းကြောင်းများကိုပါ တိုက်ရိုက်ကွပ်ကဲပေးလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အစိုးရသည် ပင်တဂွန်ကထောက်ပံ့ပေးထားသော ဒုံးကျည်များ၏စွမ်းဆောင်ရည်များကိုသိရှိထားသော်လည်း ယခုဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေကိုလုံးလုံးလျားလျား လျစ်လျူရှုထားသည်ကိုတွေ့ရသည်။

ထို့ပြင် ယူကရိန်းက အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်သည့်အချိန်မှာ ခရစ်ယာန်ဘာသာဝင်များ၏နေ့ထူးနေ့မြတ်များအနက်တစ်ခုဖြစ်သော Saint Trinity Sunday တွင်ဖြစ်သောကြောင့် ဘာသာရေးပြစ်မှုကိုကျူးလွန်ရန် ထိုနေ့ကိုရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခြင်းဖြစ်နိုင်သည်ဟု လေ့လာသူများကပြောသည်။

***Ref: MOD of Russia***

မင့်၊ စစ်ရေး

# ဘယ်လာရုက ယူကရိန်းနှင့်နယ်စပ်တွင် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များကို ထပ်မံဖြန့်ကြက်ချထား

ဘယ်လာရုတပ်မတော်က နိုင်ငံ၏အရေးကြီးအဆောက်အအုံများ တိုက်ခိုက်ခံရခြင်းမှကာကွယ်နိုင်ရေးအတွက် ယူကရိန်းနှင့် နယ်စပ်တွင် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များကို ထပ်မံဖြန့်ကြက်ချထားလိုက်ကြောင်းသိရသည်။

ယူကရိန်းဘက်က ဒရုန်းအသုံးပြုမှုမြင့်တက်လာစဉ် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်းနှင့် မျက်မြင်အကဲကြည့်စခန်းအရေအတွက်ကိုလည်း တိုးမြှင့်ထားကြောင်း ဘယ်လာရုစစ်ဘက်တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆီဗာရင်ချစ်က ဇွန်လ ၂၉ ရက်တွင် ပြောသည်။

အလားတူ တောင်ပိုင်းနယ်စပ်တစ်လျှောက်ကိုလွှမ်းမိုးနိုင်စေမည့် သတ်မှတ်နေရာအသီးသီးတွင် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များကို ထပ်မံဖြန့်ကြက်ချထားကြောင်း ၎င်းကဆက်ပြောသည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းတပ်ဖွဲ့များသည် ဘယ်လာရုနှင့်နယ်စပ်ရှိ ယူကရိန်းနိုင်ငံမြောက်ပိုင်း၌ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များကို တိုးမြှင့်ဖြန့်ကြက်ထားကြောင်း ဆီဗာရင်ချစ်က ပြောသည်ဟုသိရသည်။

***Ref: Sputnik***

ကိုင်ရို၊ စစ်ရေး

# ဂါဇာမြောက်ပိုင်းနှင့်တောင်ပိုင်းသို့ အစ္စရေးတင့်များဝင်ရောက်လာ

ဂါဇာမြောက်ပိုင်းနှင့် တောင်ပိုင်းသို့ အစ္စရေးတင့်များဝင်ရောက်လာကာ တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်းနှင့် ပါလက်စတိုင်းပြည်သူခြောက်ဦးသေဆုံးပြီး နေအိမ်အများအပြားဖျက်ဆီးခံရကြောင်း ဒေသခံများကပြောသည်။

အစ္စရေးတင့်များသည် ဇွန်လ ၃၀ ရက်တွင် ဂါဇာမြောက်ပိုင်းရှိ ရှီဂျေအာဒေသသို့လည်းကောင်း၊ တောင်ပိုင်းရှိ ရာဖာမြို့အနောက်ပိုင်းနှင့်အလယ်ပိုင်းသို့လည်းကောင်း ဖြန့်ခွဲဝင်ရောက်လာခြင်းဖြစ်သည်။

ထိုသို့ဝင်ရောက်လာစဉ် အစ္စရေးတင့်များက လူနေအိမ်များဆီသို့ပစ်မှတ်ထားပြီး ပစ်ခတ်မှုများလုပ်ဆောင်ရာ မိသားစုဝင်အများအပြားမှာ နေအိမ်များအတွင်းပိုင်းတွင်ပိတ်မိနေကြောင်းနှင့် ထွက်ပြေး၍လည်းမရကြောင်း ဒေသခံများကပြောသည်။

အစ္စရေးတပ်မတော်ကမူ ၎င်းတို့၏တပ်ဖွဲ့ဝင်များသည် ရှီဂျေအာဒေသ၌ စစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပါလက်စတိုင်းသေနတ်သမားများကို ချေမှုန်းနိုင်ကြောင်း၊ လက်နက်များ၏တည်နေရာကိုသိရှိခဲ့ကြောင်းနှင့် စစ်ရေးပစ်မှတ်များကို ပစ်ခတ်လိုက်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

ဟားမတ်အဖွဲ့ကမူ ၎င်းတို့၏တိုက်ခိုက်ရေးသမားများသည် နယ်မြေအတွင်းပိုင်းအထိရောက်လာသည့် အစ္စရေးတပ်ဖွဲ့များကို တင့်ဖျက်ဒုံးကျည်များဖြင့်လည်းကောင်း၊ ဗုံးသီးများဖြင့်လည်းကောင်း ပစ်ခတ်ချေမှုန်းမှုများလုပ်ဆောင်သည်ဟု ထုတ်ပြန်ထားသည်ကိုတွေ့ရသည်။

ယခုအခါ အစ္စရေးနှင့်ဟားမတ်တို့ကြားဖြစ်ပွားနေသည့်ပဋိပက္ခမှာ အချိန်အားဖြင့် ရှစ်လကြာမြင့်နေပြီဖြစ်ပြီး ကြားဝင်စေ့စပ်ပေးသူများအနေဖြင့်လည်း ထိုနှစ်ဖွဲ့ကြား အပစ်အခတ်ရပ်စဲရေးရရှိရန်ဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။

ဟားမတ်အဖွဲ့က သဘောတူညီချက်တိုင်းသည် စစ်ပွဲကိုအဆုံးသတ်ရမည်ဖြစ်ကြောင်းနှင့် ဂါဇာဒေသမှ အစ္စရေးတပ်ဖွဲ့များအားလုံး အကြွင်းမဲ့ဆုတ်ခွာပေးရမည်ဖြစ်ကြောင်း တောင်းဆိုထားသည်။

အစ္စရေးဘက်ကမူ ဟားမတ်အဖွဲ့ကို အမြစ်ပြတ်ချေမှုန်းနိုင်သည့်ကာလမတိုင်မီအထိ ယာယီအပစ်အခတ်ရပ်စဲရေးကိုသာ လက်ခံမည်ဖြစ်ကြောင်းပြောထားသည်ဟု သိရသည်။

***Ref: TST***

ကိုင်ရို၊ ပဋိပက္ခ

# စက်သုံးဆီပြတ်လပ်မှုကြောင့် ဂါဇာရှိဆေးရုံများ ၄၈ နာရီအတွင်း လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းနိုင်

ဂါဇာဒေသရှိ ဆေးရုံများ၊ ဆေးပေးခန်းများ၊ အောက်ဆီဂျင်စက်ရုံများအနေဖြင့် မီးစက်များအတွက်လိုအပ်သော စက်သုံးဆီများပြတ်လပ်လာပြီဖြစ်သောကြောင့် ၄၈ နာရီအတွင်း လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းလိုက်ရနိုင်ကြောင်း ယင်းဒေသ၏ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၃၀ ရက်တွင်ထုတ်ပြန်သည်။

"ကျွန်တော်တို့အနေနဲ့ ဆေးရုံ၊ ဆေးခန်းများအတွက် မီးစက်တွေ၊ စက်သုံးဆီတွေ မရဘူးဆိုရင် ၄၈ နာရီအတွင်း လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းသွားနိုင်ပါတယ်" ဟု ကျန်းမာရေးဝန်ကြီးဌာနက Telegram တွင်ရေးသားထားခြင်းဖြစ်သည်။

ထို့ကြောင့် ကျန်းမာရေးဌာနများအတွက် မီးစက်များနှင့်စက်သုံးဆီများ အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ပရဟိတအဖွဲ့များကကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများကပြောသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ဟားမတ်အဖွဲ့က အစ္စရေးနယ်စပ်ကိုဖြတ်ကျော်ပြီး အလစ်အငိုက်ရယူတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် အစ္စရေးတို့က ဟားမတ်တို့ရှိရာ ဂါဇာကမ်းမြောင်ဒေသကို ကျူးကျော်တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သည်။

ယခုအခါ အဆိုပါပဋိပက္ခကြောင့် လူပေါင်း ၃၉၀၀၀ ဝန်းကျင်သေဆုံးပြီး ၈၇၀၀၀ ဝန်းကျင်မှာ ထိခိုက်ဒဏ်ရာများရရှိထားသည်ဟု စာရင်းဇယားများအရသိရသည်။


***Ref: Sputnik***



နေပြည်တော် ဇွန် ၃၀

## အထက်မြန်မာပြည်ကွပ်ကဲရေးရုံး(မန္တလေး)နှင့် အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း(မန္တလေး)သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကွင်းဆင်းကြည့်ရှု

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အထက်မြန်မာပြည်ရေနံရှာဖွေရေး၊ တူးဖော်ရေးလုပ်ငန်းများကွပ်ကဲရေးရုံး(မန္တလေး) နှင့် အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းပင်မထိန်းချုပ်ရေးစခန်း (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်မြန်မာပြည် ရေနံရှာဖွေရေး၊ တူးဖော်ရေးလုပ်ငန်းများကွပ်ကဲရေးရုံး (မန္တလေး)သို့ရောက်ရှိရာ ကြီးကြပ်ရေးအင်ဂျင်နီယာက အထက်မြန်မာပြည်ရုံးခွဲ၏ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန အထွေထွေမန်နေဂျာ CNG က ပလိပ်မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်၏ သဘာဝဓာတ်ငွေ့လက်ခံရရှိမှု၊ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ရောင်းချပေးနိုင်မှု၊ မန္တလေးမြို့ရှိ Retest Factory ၏ သဘာဝဓာတ်ငွေ့အိုးများ နှစ်အလိုက် စစ်ဆေးပေးနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သောရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့များကိုတိုးမြှင့်ထုတ်လုပ်ရန် အရေးကြီးသကဲ့သို့ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှရယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းသည်လည်း အဓိကကျသောကြောင့် အနီးကပ်ကြပ်မတ်ဆောင်ရွက်နိုင်ရန် အထက်မြန်မာပြည်ကွပ်ကဲရေးရုံးသည်အရေးပါသဖြင့် တိုးမြှင့်လာမည့်ရည်မှန်းချက်တာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့်အခြေခံအဆောက်အဦများ ပြန်လည်ပြုပြင်ခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် မဒဲကျွန်းရေနံသိုလှောင်စခန်းတို့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များပို့လွှတ်ပေးနေမှုကို ထိန်းချုပ်ဖြန့်ဖြူးပေးနေသည့် မန္တလေးမြို့ရှိ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းပင်မထိန်းချုပ်ရေးစခန်း (မန္တလေး)သို့ရောက်ရှိရာ အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဓာတ်ငွေ့ပိုက်လိုင်းပင်မထိန်းချုပ်ရေးစခန်းနှင့် ပိုက်လိုင်းတစ်လျှောက်ရှိ ထိန်းဖြန့်စခန်းများ၏ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် စက်ရုံများသို့ သဘာဝဓာတ်ငွေ့များပို့လွှတ်နေမှု၊ ပိုက်လိုင်းနှင့်ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မြန်မာနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ တည်ဆောက်ထားပြီးဖြစ်သည့်ပိုက်လိုင်းများ၏ စွမ်းရည် ၅၀ ရာခိုင်နှုန်းခန့်သာအသုံးပြုနေသဖြင့် ပိုမိုတိုးမြှင့်အသုံးပြုနိုင်ရန် ကြိုးစားခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိမည်ဖြစ်၍ ပိုမို၍နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

မအူပင် ဇွန် ၃၀

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနှင့်မအူပင်ခရိုင်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၂၉ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင်နှင့်မအူပင်ခရိုင်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏အဓိကလုပ်ငန်းဖြစ်သည့် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့်အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများထံ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ခွဲဝေအပ်နှင်းထားပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် မိမိတို့၏တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသား၏အကျိုးစီးပွားကိုရှေးရှု၍ တင်ပြဆောင်ရွက်နိုင်ကြောင်း၊ ယနေ့ တိုင်းရင်းသားခေါင်းဆောင်များ၏ တင်ပြသည့်အချက်များကို စနစ်တကျ သေချာမှတ်သားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။




တိုင်းရင်းသားလူမျိုးများအနေဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်မျိုးနှင့်တစ်မျိုးအမုန်းမပွားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ နိုင်ငံသူ၊ နိုင်ငံသားများနှင့် တိုင်းရင်းသားပြည်သူများမျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များထံ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၅၅ | ၂၇၃၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၁၅ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၆၀ | ၂၇၇၀ | ၃၁၈၀ | ၃၇၀၀ |
| 95 Ron | ၂၇၉၀ | ၂၈၆၅ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၈၅၀ | ၂၉၈၀ | ၃၀၁၀ | ၂၈၅၅ | ၂၈၇၀ | ၂၉၀၅ | ၂၈၉၅ | ၂၉၀၅ | ၃၃၁၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၆၄၁ | ၂၇၂၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၄၅ | ၂၈၂၉ |
| HSD (10 ppm) | ၂၇၄၅ | ၂၈၂၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြောင်းမြ၊ စိုက်ပျိုးရေး

# မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းစပါး ၃၂၀၀၈၄ ဧက ရိတ်သိမ်းပြီးစီး




ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါး ၃၂၀၀၈၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောကြားချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၃၂၀၀၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မတ်လဒုတိယပတ်က စတင်ရိတ်သိမ်းရာ လက်ရှိတွင် နွေစပါး ၃၂၀၀၈၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၁၁၁ ဒသမ ၄၁ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ နွေစပါး ၃၂၀၀၈၄ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ၃၂၀၀၈၄ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ နွေစပါးတွေ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ နွေစပါးမစိုက်ပျိုးမီအချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက သီးနှံအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းသီးနှံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

မြိတ်၊ စိမ်းလန်းစိုပြည်ရေး

# မြိတ်တက္ကသိုလ်၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်သစ်တောဦးစီးဌာနမှကြီးမှူး၍ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၃၀ ရက်တွင် မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်ဝင်းအတွင်း ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့်တာဝန်ရှိသူများက မြိတ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များပေးအပ်ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သစ်ပင်များစုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုး ၁၀၀၊ မဟော်ဂနီ ၉၈ ပင်၊ ခရေ ၁၇၀၊ ကံ့ကော် ၃၅ ပင်၊ ပိတောက်နှစ်ပင်၊ စိန်ပန်း ၅၀၊ ငုရွှေဝါ ၅၀ နှင့် မန်ကျည်းပင်ရှား ၁၀၀ စုစုပေါင်းပျိုးပင် ၆၀၅ ပင်ကို တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

တောင်ကြီး၊ ကျေးလက်ဖွံ့ဖြိုးရေး

# တောင်ကြီးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ကွင်းဆင်းဆောင်ရွက်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နောင်ကားကျေးရွာနှင့် ဖောင်မွှူးကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်း၍ ကျေးရွာများသန့်ရှင်းသာယာလှပစေရန်၊ အဖွဲ့အစည်းနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေများကို ဇွန်လ ၃၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးရွာနှစ်ရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများဦးဆောင်၍ နောင်ကားကျေးရွာနှင့် ဖောင်မွှူးကျေးရွာတို့ရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်း၍ ကျေးရွာအဝင်ရှိ ချုံနွယ်၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ကျေးရွာတွင်းစွန့်ပစ်အမှိုက်များကို စုပေါင်းကောက်ယူခြင်းများဆောင်ရွက်ပြီး သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြကြောင်း သိရသည်။

**မောင်နိုင်**

မြို့သစ်၊ ကျေးလက်ဖွံ့ဖြိုးရေး

# မြို့သစ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်း

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စီမံချက်ရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဆင်းပွဲကို ဇွန်လ ၃၀ ရက်တွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ စနစ်တကျစီမံခန့်ခွဲ၍ အသုံးပြုရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းကို ဇွန်လ ၂၆ ရက်မှ ၂၉ ရက်အထိ လေးရက်ကြာဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့်ကျေးရွာ ၁၁ ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အိပိုးပိုး**

လွိုင်ကော်  ဇွန်  ၃၀

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့်ဆန်များနှင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘုန်းတော်ကြီးကျောင်းများ၊ နေရပ်ပြန်ပြည်သူများကို ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများလှူဒါန်း



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့်ဆန်များနှင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘုန်းတော်ကြီးကျောင်းများ၊ နေရပ်ပြန်ပြည်သူများကို ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများ လှူဒါန်းထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ နေရပ်ပြန်ပြည်သူများ ကြိုဆိုလက်ခံရေးဌာန သာသနာ့ဗိမာန်၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့်အတူ တက်ညီလက်ညီပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေလုံခြုံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက စီးပွားရေးနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပညာရေး၊ ကျန်းမာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်းရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့်ဆန်များနှင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘုန်းတော်ကြီးကျောင်းများ၊ နေရပ်ပြန်ပြည်သူများကို ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများကို လှူဒါန်းထောက်ပံ့ပေးအပ်ရာ တက်ရောက်လာသူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြပြီး တက်ရောက်လာကြသည့်ပြည်သူများက မိမိတို့၏အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

အဆိုပါလှူဒါန်းထောက်ပံ့ပေးအပ်ပွဲတွင် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း၊ နေရပ်ပြန်ပြည်သူအိမ်ထောင်စု ၁၀၄၅ စု၊ ပြည်သူ ၅၅၅၇ ဦးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ယာယီနေရပ်စွန့်ခွာသူ ၁၀၈ ဦးတို့အတွက် ဆန် ၃၆၉ အိတ်၊ ဆီ ၅၂၂ ဒသမ ၂ ပိဿာ၊ ထောက်ပံ့ငွေကျပ် ၃၁၈၀၀၀၀၀ တို့ကို လှူဒါန်းထောက်ပံ့ခဲ့ကြောင်းနှင့် စုစုပေါင်းလှူဒါန်းထောက်ပံ့မှုတန်ဖိုးငွေကျပ် ၉၃၈၆၇၅၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

မြစ်ကြီးနား  ဇွန်  ၃၀

# မြစ်ကြီးနားမြို့ပေါ် မြေနိမ့်ရပ်ကွက်များအတွင်း ဧရာဝတီမြစ်ရေများဝင်ရောက် ရေဘေးရှောင်စခန်း ကိုးနေရာဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိ



မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ်အတွင်း မေခနှင့်မလိခမြစ်အထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့ မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေများဝင်ရောက်ခဲ့ရာ ပြည်သူများအား လတ်တလော ရေဘေးရှောင်စခန်းကိုးနေရာဖွင့်လှစ်၍ ကူညီကယ်ဆယ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးကာထောက်ပံ့ကူညီခဲ့သည်။

ထိုသို့သွားရောက်တွေ့ဆုံအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်အတွင်း လူနေအိမ်များတွင် မြစ်ရေများဝင်ရောက်နေမှုအခြေအနေများနှင့် ရေဝင်ရောက်လျက်ရှိသည့်နေအိမ်များမှ ပြည်သူများအား ပြည်ခိုင်ဖြိုးရုံး၌ ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိမှုအခြေအနေများကိုကြည့်ရှု၍ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး ရေဘေးရှောင်အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၀၇ ဦးတို့အတွက် ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ဘူးများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့သည့် တစ်ပတ်စာဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၈၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် မိသားစုများအတွက် နေ့လယ်စာ၊ ညစာထမင်းဘူးများစီစဉ်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရမ်ပူရပ်ကွက် နယ်မြေ(၁၁)အတွင်း ကြက်ပေါင်ခြံရပ်ကွက် မြေနိမ့်နေရာများမှ ပြည်သူများအား မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးဆောင်ရွက်၍ ရွှေဆုပန်ဘုန်းတော်ကြီးကျောင်း၌ ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိမှုနှင့် ကြက်ပေါင်ခြံအနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးရှောင်ပြည်သူများအား ဧရာဝတီမြစ်ရေအနေဖြင့် ယနေ့ညပိုင်းတွင် ထပ်မံမြင့်တက်လာခြေရှိသည့်အတွက် ရေဘေးလွတ်ရာနေရာများတွင် ခေတ္တခိုလှုံနေထိုင်နိုင်ရေး၊ ကလေးငယ်များ ကျောင်းတက်နိုင်ရေး၊ ကျန်းမာရေးအထူးဂရုပြုနေထိုင်ကြရေးတို့ကို အားပေးမှာကြားသည်။ ယင်းနောက် ရေဘေးရှောင်မိသားစု ၄၅ စု၊ လူဦးရေ ၂၀၀ ကျော်တို့အတွက် ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ဘူးများ၊ အချိုရည်ဘူးများ၊ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေအဖြစ် ထောက်ပံ့ငွေကျပ် ၅၂၅၀၀၀ နှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်သည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့သစ်ကြီးရပ်ကွက်အတွင်း ရေဝင်ရောက်မှုကြောင့် ရေဘေးရှောင်သည့်မိသားစုများအား အောင်ဇေရန်အောင်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၊ ဇရပ်များ၌ နေရာချထားပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ အိမ်ထောင်စုများအတွက် ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ဘူးများ၊ အချိုရည်ဘူးများနှင့် တစ်ပတ်စာဆန်ရိက္ခာဖိုးငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဇီဝနည်းပညာသုတေသနဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပအကူအညီရငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် သုတေသနသုံးစက်ပစ္စည်း(၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသောကြောင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၇-၆-၂၀၂၄

(ခ) တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၁၀ - ၇ -၂၀၂၄ (၄:၀၀)နာရီ

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - ငွေစာရင်းဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ ဖုန်း ၀၉-၇၆၀၇၄၄၇၇၃၊ ၀၉- ၄၀၂၆၇၅၈၂၂ တို့အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**
ဆက်ကောင်းစံ(ဘ)ဦးညဏ်လင်း ၁၂/ဥကမ(နိုင်)၂၅၀၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 118833)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ခင်သူဇာကျော်(ဘ)ဦးကျော်ဝင်း ၁၃/တကန(နိုင်)၂၃၇၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ကျော်သက်အောင်(ဘ)ဦးတင်ထွန်း ၁၄/လမန(နိုင်)၀၈၇၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 681737)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ဒေါ့မဲန်ပါရ်(ဘ)ဦးထလာပဲန်း ၄/ထတလ(နိုင်)၀၆၈၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off)**
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၃၂၅၉၇၇၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
နီလာဦး(ဘ)ဦးတိုးဝင်း ၉/ကပတ(နိုင်)၂၁၀၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 164889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အမည်ပြောင်း**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ. ထ. က (ကံသာ)၊ Grade-7 မှ (ဘ)ဦးအောင်ကျော်ကျော်၏သမီး မကြွယ်စင်မိုးစက်အား မကြွယ်စင်မိုးထက်ဟုပြောင်းလဲခေါ်ဆိုပါရန်။
**မကြွယ်စင်မိုးထက်**

**ပျောက်ဆုံးကြောင်း**
နွေးနွေးအောင်(ဘ)ဦးသိန်းထိုက် ၁၄/ဒဒရ(နိုင်)၁၆၃၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

**ပျောက်ဆုံးကြောင်း**
လှသူဇာ(ဘ)ဦးအုန်းမြင့် ၁၄/ဝခမ(နိုင်)၂၈၈၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 667817)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**ပျောက်ဆုံးကြောင်း**
မျိုးမျိုးဝင်း(ဘ)ဦးမြင့်ထူး ၁၄/ငရက(နိုင်)၀၁၇၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 657272)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**ပျောက်ဆုံးကြောင်း**
အေးအေးညိမ်(ဘ)ဦးသိန်းဦး ၁၄/အမတ(နိုင်)၀၅၇၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ပန်းတင်) Grade-10 မှ မခင်ဇာခြည်လွင်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမြင့် ၇/ကပက(နိုင်)၀၈၃၀၉၈ ဖြစ်ပါကြောင်း။
**ဦးကျော်စိုးမြင့်**

**ပျောက်ဆုံးကြောင်း**
မြတ်ရွှေရည်ငွေး(ဘ)ဦးငွေးကြွယ် ၁၂/ဥကမ(နိုင်)၂၄၈၆၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 038519)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
နီလာဝင်း(ဘ)ဦးစိုးဝင်း ၁၂/လမန(နိုင်)၁၄၆၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
မြမြလှိုင်(ဘ)ဦးဘိုးပု ၇/လပတ(နိုင်)၁၈၆၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 329594)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ခိုင်ခင်ဦး(ဘ)ဦးစန်းလှိုင် ၁၄/အဂပ(နိုင်)၂၀၂၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 251050)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
အိအိခိုင်(ဘ)ဦးစန်းလှိုင် ၁၄/အဂပ(နိုင်)၁၆၃၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 472749)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနမှ ရေးဆွဲပုံနှိပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြန်မာပြည်၏ ပြည်နယ်နှင့်တိုင်းဒေသကြီးမြေပုံစာအုပ်(Atlas)ကို ပိုမိုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ(၁)ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား (၂၉-၇-၂၀၂၄)ရက်နေ့ (၁၂:၀၀) နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး(၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## "ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်(SSB Information System)အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံသားပိုင် သက်တမ်းရှိကုမ္ပဏီများထံမှ ဒုတိယအကြိမ် နှစ်ဆင့်အိတ်ဖွင့်တင်ဒါတင်သွင်းရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်-

Lot(4)-SSB Call Center စနစ်တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၇-၂၀၂၄ (တနင်္လာနေ့)

(ခ) တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် - ၅-၇-၂၀၂၄ (သောကြာနေ့)

(ဂ) တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေရာ - စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ်-၃/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

(ဃ) တင်ဒါပုံစံနှင့် တင်ဒါအဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန် - ၂၂-၇-၂၀၂၄ (တနင်္လာနေ့) ညနေ(၄:၃၀)နာရီ

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း- ၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၀၆၊ ၀၆၇-၃၄၁၇၉၅၁၊ ၀၆၇-၃၄၁၇၉၅၂ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

**ပျောက်ဆုံးကြောင်း**
မျိုးအောင်(ဘ)ဦးမောင်မြ ၉/တသန(နိုင်)၁၄၉၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 777820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအေးအေးထွန်း
## ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ရုက္ခဗေဒဌာန
## ဒုတိယဥက္ကဋ္ဌ၊
## ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းသားဟောင်းများအသင်း
## အသက်(၆၈)နှစ်

ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)၏ဇနီး၊ ဦးနေလင်းထွန်း-ဒေါ်သဲမာတင်ထွတ်၊ ဒေါ်တင်မျိုးဝင်း(ခ)ခိုင်မာ-ဦးကောင်းထက်စိုးတို့၏မိခင်ကြီး ဒေါက်တာအေးအေးထွန်း အသက်(၆၈)နှစ်သည် ၂၉-၆-၂၀၂၄ ရက်(စနေနေ့) နံနက်(၇:၅၀)နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအေးအေးထွန်း
## ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ရုက္ခဗေဒဌာနစု
## အသက်(၆၈)နှစ်

ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)၏ဇနီး ဒေါက်တာဒေါ်အေးအေးထွန်း အသက်(၆၈)နှစ်သည် ၂၉-၆-၂၀၂၄ ရက်(စနေနေ့) နံနက် ၀၇:၅၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကွယ်လွန်သူ ဒေါ်အေးအေးထွန်း ကောင်းရာသုဂတိရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး**

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည့်ရှာ နိုင်ငံသာ၏**

# ယူရို ၂၀၂၄ ပြိုင်ပွဲရှုံးထွက်အဆင့်နှင့် ကိုပါအမေရိကဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

စည်သူအောင်



## ပြင်သစ် Vs ဘယ်လ်ဂျီယံ

**ကစားမည့်ရက်/အချိန်**

**(၁-၇-၂၀၂၄ ည ၁၀း၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘယ်လ်ဂျီယံ ၂ - ၃ ပြင်သစ်**

**နောက်ဆုံးသုံးပွဲအနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ပြင်သစ် | ဝေး(နိုင်) | ဝေး(သရေ) | ဝေး(သရေ) |
| ဘယ်လ်ဂျီယံ | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(သရေ) |

ချန်ပီယံဆုအတွက် ရေပန်းစားနေတဲ့ ပြင်သစ်အသင်းရဲ့ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းက ချန်ပီယံဆုကို မျှော်လင့်လို့ရနိုင်တဲ့အနေအထားမှာ ရှိနေပါတယ်။ လက်ရှိပြင်သစ်အသင်းတိုက်စစ်ပိုင်းမှာလည်း အမ်ဘတ်ပီ အကောင်းဆုံးပုံစံပြနေလို့ ဘယ်လ်ဂျီယံအသင်းခံစစ်ပိုင်းကို အကောင်းဆုံးကျော်ဖြတ်နိုင်မှာပါ။ လက်ရှိပြင်သစ်အသင်းရဲ့ ပွဲထွက်ကစားသမားစာရင်းမှာလည်း ရှေ့၊ လယ်၊ နောက်အားလုံးဟန်ချက်ညီနေပြီး ပွဲစဉ်တိုင်းမှာ ပုံစံကောင်းပြနိုင်ခဲ့လို့ အခုပွဲစဉ်မှာလည်း လိုအပ်ချက်တွေများနေတဲ့ ဘယ်လ်ဂျီယံအသင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ လက်ရှိခြေစွမ်းပိုင်းနဲ့ကစားသမားစုဖွဲ့မှုပိုင်းအရဆိုရင် ဘယ်လ်ဂျီယံအသင်းကို အကောင်းဆုံးကျော်ဖြတ်နိုင်စွမ်းရှိပါတယ်။

အုပ်စုပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရတဲ့ ဘယ်လ်ဂျီယံအသင်းအနေနဲ့ လက်ရှိခြေစွမ်းပိုင်းအရဆိုရင် ပြင်သစ်အသင်းကို ရင်ဆိုင်ဖို့ခက်ခဲနေမှာပါ။ လက်ရှိဘယ်လ်ဂျီယံအသင်းရဲ့တိုက်စစ်ပိုင်းက ဂိုးရဖို့အတော်လေး ရုန်းကန်နေရလို့ တောင့်တင်းမှုရှိတဲ့ပြင်သစ်အသင်းခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ခက်ခဲနေမှာပါ။ ဘယ်လ်ဂျီယံအသင်းရဲ့ခံစစ်ပိုင်းကလည်း အုပ်စုပွဲစဉ်တွေမှာ အတော်လေးရုန်းကန်နေရပြီး တည်ငြိမ်မှုအားနည်းနေလို့ အမ်ဘတ်ပီဦးဆောင်လာမယ့် ပြင်သစ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်း အသာစီးမှာရှိနေတဲ့ ပြင်သစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ပြင်သစ် ၂ - ၁ ဘယ်လ်ဂျီယံ

## ပေါ်တူဂီ Vs ဆလိုဗေးနီးယား

**ကစားမည့်ရက်/အချိန်**

**(၂-၇-၂၀၂၄ နံနက် ၁း၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆလိုဗေးနီးယား ၂ - ၀ ပေါ်တူဂီ**

**နောက်ဆုံးသုံးပွဲအနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ပေါ်တူဂီ | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ဆလိုဗေးနီးယား | ဝေး(သရေ) | ဝေး(သရေ) | ဆေး(သရေ) |

အုပ်စုပွဲစဉ်တွေမှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တဲ့ ပေါ်တူဂီအသင်းအတွက် ဆလိုဗေးနီးယားအသင်းက ပြိုင်ဘက်ကောင်းမဟုတ်ပါဘူး။ လက်ရှိပေါ်တူဂီအသင်းပွဲထွက်ကစားသမားစာရင်းမှာ ထိပ်တန်းကစားသမားတွေပါဝင်နေလို့ ချန်ပီယံဆုအတွက် မျှော်လင့်လို့ရနိုင်တဲ့အခြေအနေတစ်ရပ်ပိုင်ဆိုင်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရလည်း ဆလိုဗေးနီးယားအသင်းကို ခြေစွမ်းပိုင်းအသာစီးကနေ ဖိအားပေးကစားနိုင်မှာပါ။ စီရော်နယ်ဒို ဦးဆောင်နေတဲ့ ပေါ်တူဂီအသင်းတိုက်စစ်ပိုင်းကလည်း ဂိုးသွင်းယူနိုင်စွမ်းအပြည့်ရှိနေလို့ ဆလိုဗေးနီးယားအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။

ဆလိုဗေးနီးယားအသင်းက အုပ်စုပွဲစဉ်တွေမှာလည်း ရုန်းကန်ခဲ့ရပြီး နိုင်ပွဲမရရှိခဲ့ဘဲ သုံးပွဲစလုံးသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရတော့ ဆလိုဗေးနီးယားအသင်းအတွက် သရေရလဒ်ဆိုတာတောင်မျှော်လင့်လို့မရပါဘူး။ အနီးစပ်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာတော့ ဆလိုဗေးနီးယားအသင်းအနိုင်ရရှိခဲ့တယ်ဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းအခြေအနေအရတော့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကစားသမားစုဖွဲ့မှုရော ခြေစွမ်းပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ ပေါ်တူဂီအသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ် - ပေါ်တူဂီ ၂- ၀ ဆလိုဗေးနီးယား

## အမေရိကန် Vs ဥရုဂွေး

**ကစားမည့်ရက်/အချိန်**

**(၂-၇-၂၀၂၄ နံနက် ၇း၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမေရိကန် ၀ - ၀ ဥရုဂွေး**

**နောက်ဆုံးသုံးပွဲအနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| အမေရိကန် | အိမ်(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |
| ဥရုဂွေး | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |

အမေရိကန်အသင်းက ပြီးခဲ့တဲ့အုပ်စုဒုတိယပွဲစဉ်မှာ ပနားမားအသင်းကိုရှုံးနိမ့်ခဲ့လို့ ကွာတားဖိုင်နယ်အဆင့်တက်ရောက်ဖို့အတွက် အခုပွဲစဉ်မှာ သရေရလဒ်တောင်ရလို့မဖြစ်ဘဲ မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေပါတယ်။ အမေရိကန်အသင်းက လက်ရှိခြေစွမ်းပိုင်းနဲ့ကစားသမားစုဖွဲ့မှုပိုင်းအရတော့ ဥရုဂွေးအသင်းကို ရင်ဆိုင်ဖို့ခက်ခဲနိုင်တယ်ဆိုပေမယ့် မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေလို့ ရှိသမျှအားအကုန်ထုတ်သုံးပါလိမ့်မယ်။ ပူလီဆစ်နဲ့ရိုင်နာတို့လို ပွဲအဖြေကိုပြောင်းလဲပေးနိုင်တဲ့ကစားသမားတွေ ပါဝင်နေလို့ ဥရုဂွေးအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်မှာပါ။

အုပ်စုပွဲစဉ်နှစ်ပွဲစလုံးအနိုင်ရလဒ်ရရှိခဲ့တဲ့ ဥရုဂွေးအသင်းအတွက် အခုပွဲစဉ်မှာရှုံးနိမ့်ခဲ့မယ်ဆိုရင်တောင် အုပ်စုပထမနေရာနဲ့ ကွာတားဖိုင်နယ်အဆင့်တက်ရောက်ဖို့သေချာနေပါတယ်။ ဥရုဂွေးအသင်းကတော့ အခုပွဲစဉ်အတွက် ဖိအားမရှိဘဲ ကွာတားဖိုင်နယ်ပွဲစဉ်ကိုသာ အာရုံစိုက်နေမှာဖြစ်လို့ အမေရိကန်အသင်းအတွက် အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ အခုပွဲစဉ်မှာ ဥရုဂွေးအသင်းက အဓိကကစားသမားတချို့အနားပေးလာနိုင်လို့ မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေတဲ့ အမေရိကန်အသင်းကို အားပေးရမှာပါ။

ခန့်မှန်းရလဒ် - အမေရိကန် ၁- ၀ ဥရုဂွေး

*Ref;Sports Mole*

---

## နွေရာသီကစားသမားအပြောင်းအရွှေ့ သတင်းအတိုအထွာများ

➢ ယခုဘောလုံးရာသီတွင် စီးရီးအေသို့ တန်းတက်လာသည့် ကိုမိုအသင်းက မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဗာရန်းကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

➢ နယူးကာဆယ်အသင်းက အသင်းဘဏ္ဍာရေးစည်းမျဉ်းနှင့်မငြိစွန်းစေရန်အတွက် အသင်းမှအဓိကကစားသမား ဂေါ်ဒွန်ကို လီဗာပူးအသင်းထံရောင်းချရန်နီးစပ်ခဲ့သော်လည်း နယူးကာဆယ်အသင်းက ကွန်းဆက်ကို အလိုက်ပေးရန်တောင်းဆိုမှုကြောင့် လီဗာပူးအသင်းက အပြောင်းအရွှေ့အတွက်ဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

➢ ချယ်လ်ဆီးအသင်းက ဘိုကာဂျူနီယာအသင်းမှ လူငယ်ကစားသမား အာရွန်ကိုခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း သိရသည်။

➢ အယ်ဒူဘာလီအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကော်တင်ဟိုကို ဗက်စကိုဒဂါးမားအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

---

လန်ဒန်၊ ဘောလုံး

## နွေရာသီကစားသမားအပြောင်းအရွှေ့ကာလစတင်ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ချယ်လ်ဆီးအသင်း ကစားသမားရောင်းချမှုမှ စတာလင်ပေါင် သန်း ၉၀ ကျော်ရရှိထား

ချယ်လ်ဆီးအသင်းသည် လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလစတင်ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ကစားသမားရောင်းချမှုမှ စတာလင်ပေါင် သန်း ၉၀ ကျော်ရရှိထားကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းကို အသင်းပိုင်ရှင်တော့ဘိုလီ ပိုင်ဆိုင်ပြီးနောက် ကစားသမားအပြောင်းအရွှေ့ကာလများတွင် အပြောင်းအရွှေ့များစွာ လုပ်ဆောင်ခဲ့သကဲ့သို့ လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း အသင်းမှကစားသမားရောင်းချမှုများစတင်လုပ်ဆောင်ခဲ့ကာ အပြောင်းအရွှေ့ကာလစတင်ပြီး ရက်သတ္တနှစ်ပတ်ခန့်အကြာတွင်ပင် အသင်းမှကစားသမားလေးဦးကိုရောင်းချပြီး ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၉၀ ကျော်ရှာဖွေနိုင်ခဲ့သည်။




ချယ်လ်ဆီးအသင်းသည် နယူးကာဆယ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့်စေလွှတ်ထားသည့် လူးဝစ်ဟောလ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၈ သန်းဖြင့် အပြီးသတ်ရောင်းချနိုင်သကဲ့သို့ ခံစစ်ကစားသမား မက်ဆန်ကိုလည်း စာချုပ်ဖျက်သိမ်းကြေးဖြစ်သည့် စတာလင်ပေါင် ၃၇ ဒသမ ၅ သန်းဖြင့် အက်စ်တွန်ဗီလာအသင်းထံရောင်းချနိုင်ခဲ့သည်။

အလားတူ ချယ်လ်ဆီးအသင်းသည် တူကီယဲ ထိပ်တန်းကလပ် ဂါလာတာဆာရေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့်စေလွှတ်ထားသည့် တောင်ပံကစားသမားဇီယက်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် လေးသန်းဖြင့် အပြီးသတ်ရောင်းချနိုင်ခဲ့သကဲ့သို့ အစ်ချ်ဝှစ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် ဟတ်ချင်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂ ဒသမ ၅ သန်းဖြင့် အပြီးသတ်ရောင်းချရန်အတွက် သဘောတူညီမှုရရှိခဲ့သည်။ ထို့နောက် ချယ်လ်ဆီးအသင်းသည် ကစားသမားလေးဦးရောင်းချမှုမှ စတာလင်ပေါင် သန်း ၉၀ ကျော်ရရှိခဲ့ပြီး လူကာကူ၊ ဘရိုဂျာနှင့်မာလန်းဆားတို့ကိုလည်း ရောင်းချရန် စီစဉ်နေကြောင်း သိရသည်။

*Ref;Goal.com*

ရန်ကုန်  ဇွန်  ၃၀

## မြန်မာအမျိုးသမီးများနေ့အကြို ရိုးရာဆင်မြန်းတော်ဝင်ပန်း ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်ကျင်းပသော မြန်မာအမျိုးသမီးများနေ့အကြို ရိုးရာဆင်မြန်းတော်ဝင်ပန်း ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၉ ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရိုးရာအဝတ်အထည်အရောင်းဆိုင်များ၊ ရိုးရာအစားအစာအရောင်းဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ လှည့်လည်ကြည့်ရှုဝယ်ယူအားပေးကြသည်။

ငင်းနောက် တိုင်းရင်းသူရှစ်ဦးက"စည်းလုံးစို့လေ သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့် ဖျော်ဖြေကပြတင်ဆက်ကြသည်။ ဆက်လက်၍ ကျောင်းသူ ၄၀ ဦးက ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြင့် ပြိုင်ပွဲတွင်ယှဉ်ပြိုင်ကြပြီး နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ၍လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူ ၁၄ ဦးက "လှမျိုးစုံကြွယ် ယဉ်တစ်ကိုယ်မယ်" ခေတ်ခြောက်ခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအလှပြအစီအစဉ်များဖြင့်လည်းကောင်း တင်ဆက်ကပြခဲ့ကြသည်။

ထို့နောက် ရိုးရာဆင်မြန်းတော်ဝင်ပန်း ရိုးရာဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား တိုင်းဒေသကြီးအမျိုးသမီးကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

ပြည်  ဇွန်  ၃၀

## ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ပေးရန်နှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုးခြင်းအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုအားပေး



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ပေးရန်နှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြ စိုက်ပျိုးခြင်းအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အုတ်ဖိုမြို့နယ် လိပ်ဥကုန်းကျေးရွာအုပ်စု ယာဉ်တန်းသွားကျေးရွာ၌ ရေတိုက်စားမှုကြောင့် မြောင်းချောင်းကမ်းပါးပြိုကျနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် သက်ကယ်ပြင်ကျေးရွာအုပ်စု၌တစ်ကွင်းတစ်ဆက်တည်း လယ်မြေ(၁၀၅)ဧကအား တိုင်းဒေသကြီးမှထုတ်လုပ်သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးရာသီတွင် ပိုးမွှားနှင့်ရောဂါကျရောက်မှုများပြားသဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုသာပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ကာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို ပြောင်းလဲခြင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်သည့် တမန်းကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ရန်၊ တောင်ညီဆည်ရေသောက် ဧရိယာအတွင်း နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး လက်တံခွဲရေပေးမြောင်း ပေ ၂၀၀၀ ထပ်မံတူးဖော်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော်  ဇွန်  ၃၀

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




ထီးတန်းဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၂၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Saga Refrigerator -Freezer (၁၃၈)လုံး၊ တရုတ်နိုင်ငံထုတ် 4"Wall Mounted Speaker (၁၀)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၉၇၀၀၀)ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Motorcycle Battery နှင့် Electric Vehicle Battery လုံး (၆၉၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၂၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၃၁၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၈ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၌ လိုင်စင်မဲ့ Kanadi Click မော်တော်ဆိုင်ကယ် (၁)စီးအပါအဝင် စုစုပေါင်းမော်တော်ဆိုင်ကယ် (၆)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၂၈ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ်၊ ကျိုက်မရောလမ်းဆုံ၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Yam Yam ခေါက်ဆွဲခြောက်ဖာ (၈၀၀) အပါအဝင် ကုန်ပစ္စည်း(၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန်လ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၇၂၀၀၁၃)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

၃၀-၆-၂၀၂၄

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရေဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | | | | | ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ချောက် | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | | | | | ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

ပျော်ဘွယ် ဇွန် ၃၀

# ပျော်ဘွယ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ အစီအစဉ်(AVIP)သင်တန်းဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ကျေးရွာ ၂၀ မှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP)နှင့်ပတ်သက်သည့် သင်ခန်းစာများကို ဆွေးနွေးပို့ချကြသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP)သင်တန်းသို့ ပျော်ဘွယ်မြို့နယ်အတွင်း VDP စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၂၀ မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၄၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းနိုင်ထံမှ သိရသည်။

**ဇော်မျိုး(မြဝတီ)**

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၇° C | / ၃၀.၉° C |
| ရန်ကုန် | ၂၃° C | / ၂၉.၅° C |
| မန္တလေး | ၂၉° C | / ၃၇.၂° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၄ ခုနှစ် ဇူလိုင်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၆ ပေမှ ၁၀ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်နှင့် ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၈ ပေမှ ၁၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၅ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် မြစ်ငယ်မြို့တွင် ၈ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာနည်းဥပဒေပုဒ်မ ၁၃ အရ"မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၁-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ရာ ကောင်စီ၏သက်တမ်းသည် ၃၀-၁၀-၂၀၂၄ ရက်နေ့တွင် ၃ နှစ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၁၈(ခ)အရ "အဖွဲ့သည် ကောင်စီ၏ သက်တမ်း ၃ နှစ်မပြည့်မီ အနည်းဆုံး ၃ လကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့်ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်"ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ အရ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများစသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများတင်သွင်းရမည်ဖြစ်ပါသည်။

၄။ ကောင်စီဝင်ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**

(၁) အဖွဲ့အစည်းအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။

(၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။

(၃) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။

(၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်းမဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**

(၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သော ရင့်ကျက်သည့်လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်နှင့်အထက် ရရှိရမည်။

(၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ဂျာနယ်များအား ထုတ်ဝေသူ/ အမှုဆောင် အရာရှိချုပ်/ အယ်ဒီတာချုပ်(သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာသတင်းခန်းမှ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။

(၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူမဖြစ်စေရ။

(၅) သတင်းမီဒီယာပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသောပုဂ္ဂိုလ်ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**

(၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

(၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေအခန်း(၃)၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်းနည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းမပြုရ-**

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။

(၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

(၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။

(၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၁-၇-၂၀၂၄)ရက်နေ့မှစတင်၍ နံနက် (၉:၀၀) နာရီမှမွန်းလွဲ (၁၆:၃၀)နာရီအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃၀-၇-၂၀၂၄)ရက်နေ့ မွန်းလွဲ (၁၆:၃၀)နာရီမတိုင်မီအချိန်အတွင်း အဆိုပြုလွှာပုံစံများကိုနောက်ဆုံးထားပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃ နှင့် ၀၁-၈၆၀၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


မြန်မာလင်း(န်)အင်(န်)ဒဗဲလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒွာညိုပန်းအဝိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၉၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER-99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့်ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ်. . .

❖ အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

**ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့်မျှတသည့် ဈေးကွက်ဈေးနှုန်းထက် ပိုမို၍ ဈေးနှုန်းမြှင့်တင်ရောင်းဝယ်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ**


စာ - ၁၅ သို့

**ရုရှားနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေပြိုင်ပွဲ) မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားအဖွဲ့ ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး၊ ရွှေတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက် ပထမရရှိ**

စာ - ၆ သို့

# ရန်ကုန်မြို့မှ မုံရွာမြို့သို့မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များအား ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့်ဖောက်ခွဲတိုက်ခိုက်ပြီး လက်နယ်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ ခရီးသွားပြည်သူတစ်ဦးသေဆုံး၊ သံဃာတော်တစ်ပါးအပါအဝင် ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိ

**ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းဆွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ**




**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့သို့ မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များအား ယနေ့နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ခရီးသွားပြည်သူအချို့သေဆုံးခဲ့ရပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မုံရွာပြေးဆွဲလျက်ရှိသည့် ရွှေစင်စကြာခရီးသည်တင်ယာဉ်၊ စိန်ငွေးလှိုင်ခရီးသည်တင်ယာဉ်၊ နယူးစွမ်းခရီးသည်တင်ယာဉ်၊ **စာမျက်နှာ ၂၂ ကော်လံ ၁**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး
ဥသိမ်သူ

ရန်ကုန်မြို့တွင်း
G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket

ရန်ကုန် –
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရေချော - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု